မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၉၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

သုံးနိုင်ငံချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကြိုဆို

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၀နာရီ မိနစ်၂၀တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရေးကို မြှင့်တင်ခြင်းဖြစ်

ချမှတ်ခဲ့သည့် နိုင်ငံတော်၏မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်သည်အထိ ဆောင်ရွက်သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

လာအိုနိုင်ငံအစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံအား အမြဲထောက်ခံမှုပေးနေမည်

ပြည်ပအဖျက်သမားများ၏ စွပ်စွဲချက်များ၊ ဖိအားပေးမှုများကို ဂရုမပြုဘဲ နိုင်ငံတိုးတက်ရေးအားစိုက်

လာအိုနိုင်ငံသမ္မတ မစ္စတာခမ်တေးဆီဖန်ခုံ

ရန်ကုန် ဧပြီ ၉

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီ ၆ရက် ညနေ ၃ နာရီ ၄၅မိနစ်တွင် ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော်ဧည့်ခန်းမသို့သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတမစ္စတာခမ်တေးဆီဖန်ဒုံအား တွေ့ဆုံနှုတ်ဆက်သည်။ **ကျော်ဖုံးသို့**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

ဒေသဖွံ့ဖြိုးရေးမှသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်တို့ကို ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိရာ မျက်မှောက်ကာလတွင် နေရာဒေသအနှံ့၌ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီ ဖြစ်သည်။

ယနေ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရပ်ရပ်သည် ၁၉၈၈ခုနှစ်က နိုင်ငံတော်အခြေအနေနှင့် နှိုင်းယှဉ်လျှင် သိသာထင်ရှားစွာ ပြောင်းလဲနေပြီ ဖြစ်သည်။ ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့၍ ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်း ခရီးစဉ်အတွင်း ဧပြီလ ၇ ရက်နေ့က ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံလမ်းညွှန်မှာကြားရာ၌–

"ခေတ်အဆက်ဆက်၌ လက်နက်ကိုင် သောင်းကျန်းမှုများကြောင့် တနင်္သာရီတိုင်းသည် ငြိမ်းချမ်းတည်ငြိမ်မှုလည်း မရှိ၊ ငြိမ်းချမ်းတည်ငြိမ်အောင် ထိန်းသိမ်းကာကွယ်နိုင်သည့် အင်အားလည်း မရှိခဲ့ကြောင်း မိမိတို့လက်ထက်မှာသာ ငြိမ်းချမ်းတည်ငြိမ်မှုရရှိအောင် နိုင်ငံရေးအရ၊ ကာကွယ်ရေးအရ လိုအပ်သည်များကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ တနင်္သာရီတိုင်းသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် လိုအပ်နေသော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုရရှိလာပြီဖြစ်ကြောင်း"

လမ်းညွှန်မှာကြားသွားသည်။

တနင်္သာရီတိုင်း၏ လူဦးရေအခြေအနေနှင့် သယံဇာတပေါများမှု အခြေအနေတို့ကို နှိုင်းယှဉ်ကြည့်လျှင် လူဦးရေနည်းပြီး သယံဇာတ ပေါများကြွယ်ဝသော တိုင်းဖြစ်သည်။ ထို့ကြောင့် အလုပ်လုပ်သူ အချိုးအစားတိုးတက်များပြားလာစေရန် စီးပွားရေးအခွင့်အလမ်းကောင်းနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများကို နိုင်ငံတော်က ဖန်တီးထူထောင်ပေးလျက် ရှိသည်။

ယခုအခါ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရှိပြီး အလုပ်လုပ်သူဦးရေ များပြားလာသဖြင့် မကြာမီကာလအတွင်း တနင်္သာရီတိုင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။ တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အပြန်အလှန် အမှီသဟဲပြု ပေါင်းစပ်လုပ်ကိုင်ကြရမည် ဖြစ်သည်။

တနင်္သာရီတိုင်းတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် ကားလမ်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း၊ ကားလမ်းသစ်အပြင် ရထားလမ်းသစ်တို့ကိုပါ ဖောက်လုပ်ပေးခြင်း၊ လေယာဉ်ကွင်းသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီဆက်သွယ်ရေးစနစ် ထူထောင်ခြင်းစသည်တို့သာမက ပညာရေး၊ ကျန်းမာရေး အခွင့်အလမ်းကောင်းများရရှိစေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းလက်တွဲ၍ မျိုးချစ်စိတ်ဓာတ်ရှိရှိ ကြိုးစားလုပ်ကိုင်သွားခြင်းဖြင့် တနင်္သာရီတိုင်းသာမက ပြည်ထောင်စုတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်နှင့် လက်တွဲ၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီ ရုပ်မြင်သံကြား

၁၀-၄-၂၀၀၅
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာသကြီ်န်
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၈။ ဆရာတော် ဦးဃောသိတ တရားတော် **"ပဋိစ္စသမုပ္ပါဒ်အခြေခံ"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Introduction to Micro Finance. (ဒုတိယနှစ်–အိမ်တွင်းစီးပွား အထူးပြု)
- ၄:၅၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၂၉)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၇။ English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Newscastle United.

ပြည်သူ့သဘောထား

- ⁕ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ⁕ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ⁕ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ⁕ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အရည်အသွေးနှင့် စွမ်းအားထက်မြက်နေအောင်ကြိုးစားဖြည့်ဆည်း ပြည်သူကိုအလုပ်အကျွေးပြုလိုစိတ်၊ နိုင်ငံချစ်စိတ် ရှင်သန်အောင်ပြုပြင်

ရန်ကုန် ဧပြီ ၉

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက် အမှာစကား ပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် သင်တန်းဆင်းအရာရှိများ အနေဖြင့် သင်တန်းဆင်းပြီး ဒေသအသီးသီးသို့ သွားရောက် တာဝန်ထမ်းဆောင်ကြသည့်အခါ ဒေသ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးကို တာဝန်ခံ၊ တာဝန်ယူ အကောင်အထည်ဖော်ကြရမည့်သူများဖြစ်ကြောင်း၊ အုပ်ချုပ်ရေး ဝန်ထမ်းသည် အစိုးရနှင့်ပြည်သူအကြား ညှိနှိုင်းစေ့စပ်ဆက်သွယ်ပေးရသူ၊ အကျိုးဆောင်ပေးရသူ၊ လုပ်ငန်းရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရသူများ ဖြစ်သည့်အတွက် ပြည်သူအပေါ် မောက်မောက်မာမာ ပြောဆိုဆက်ဆံခြင်း၊ အနိုင်ကျင့်ခြင်း၊ ဥပဒေမဲ့ပြုခြင်း၊ ကိုယ်ကျိုးရှာခြင်းတို့ကို အထူးသတိထား ရှောင်ရှားကြရန် လိုကြောင်း။

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၌ အဓိကဆက်စပ်ဆောင်ရွက်နေသည့် မိမိတို့တာဝန်ပိုင်း၏ အရေးကြီးမှုကို နားလည်ရန် လိုအပ်ကြောင်း၊ နောင်ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား၌လည်းခိုင်မာသည့် အခြေခံအုတ်မြစ်များအဖြစ် စဉ်ဆက်မပြတ် တာဝန်ယူထမ်းဆောင်သွားရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏အရည်အသွေးနှင့် စွမ်းအားထက်မြက်နေအောင် ကြိုးစားဖြည့်ဆည်းနေရန် လိုအပ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်ရုံ တင်မက ပြည်သူကို အလုပ်အကျွေးပြုလိုစိတ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ် ရှင်သန်နေအောင်လည်း အမြဲပြုပြင်နေရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုရရှိသော သင်တန်းသားများအား ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဆုများချီးမြှင့်ပြီး **(အပေါ်ပုံ)** ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းသို့ သင်တန်းသား ၆၂ ဦး တက်ရောက်ပြီး ရက်သတ္တ ၁၄ ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ အမျိုးသမီးလေးများကလည်း ပန်းစည်းပေးအပ်၍ ဂါရဝပြုကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အောင်ဘုန်းပွင့်စေတီတော် ထီးတော်တင်လှူပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိလမ်း အောင်ဘုန်းပွင့်တောင် အောင်သိဒ္ဓိပါဠိကျောင်း (ရာသက်ပန် သက်သတ်လွတ်) ကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော အောင်ဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့်အရံစေတီများ ထီးတော် အသစ်တင်လှူပွဲ၊ သိက္ခာထပ်ပွဲနှင့် ဓမ္မပူဇာသဘင်အလှူတော် မင်္ဂလာကို၁၃၆၇ခုနှစ်တန်ခူးလပြည့် (ဧပြီ၂၃ရက်)စနေနေ့ နံနက်၈နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပပူဇော်မည်ဖြစ်ပြီး တန်ခူးလဆန်း၁၄ရက်ညတွင် တိပိဋကပါဠိပါရဂူရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ တန်ခူးလပြည့်ညတွင် တောင်ဥက္ကလာပ မိုးကုတ်ဝိပဿနာ ရွှေမြင့်မိုရ်ကျောင်းတိုက် ပိဋကတ်တစ်ပုံအောင် ဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေမြင့်မိုရ် ဆရာတော် ဘဒ္ဒန္တသောဘဏ၊ တန်ခူးလပြည့်ကျော် တစ်ရက်ညတွင် နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ (စစ်ကိုင်းရွှေဟင်္သာ) နယ်လှည့် ဓမ္မကထိက ဆရာတော် အရှင်အာစာရလင်္ကာရ စသည့် ဆရာတော် အရှင်သူမြတ်တို့က တရားဒေသနာတော်များ ဟောကြားတော်မူကြမည်ဖြစ်သည်။ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ကြည်ညို ပူဇော်နိုင်ကြရန် အသိပေးဖိတ်ကြားနိုးဆော်ထားပြီး ထီးတော်တင်လှူပွဲနှင့် ဓမ္မပူဇာသဘင် တရားပွဲအတွက် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ဖုန်း- ၀၁-၇၂၂၆၅၁၊ ၆၅၀၂၆၈၊ ၆၅၀၀၄၃၊ ၆၆၅၂၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၄၂၁)**

ပိဋကတ်တော် မြန်မာပြန် သင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၉

ပိဋကတ်တော်လာ အကြောင်းအရာများသည် လောကသားတို့၏ ပစ္စုပ္ပန်၊ တမလွန်ကြီးပွားချမ်းသာရေးဟူသော လောကရေးရာနှင့်သံသရာမှ လွတ်မြောက်ရေးဟူသော ဓမ္မရေးရာများဖြစ်သဖြင့် လူသားတို့၏ အကျိုးစီးပွားချမ်းသာကို အကြွင်းမဲ့ ဆောင်ရွက်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် သာသနာ့ဝန်ဆောင် အဖွဲ့က စတုတ္ထအကြိမ် ပိဋကတ်တော် မြန်မာပြန်သင်တန်းကို မေ ၈ရက်မှ စတင်၍ အောက်တိုဘာလကုန်အထိ ရှင်သာမဏေ ဓမ္မဗိမာန် အာဇာနည်လမ်း ဗဟန်းတွင် စနေနှင့် တနင်္ဂနွေနေ့ နံနက် ၈နာရီမှ ညနေ ၄နာရီ မိနစ် ၂၀ အထိ ဖွင့်လှစ်၍ ပါဠိပညာရှင် ဆရာကြီးများက ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၄-၂၀၀၅(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ
- ၈:၁၅ ၆။ ခါသကြံန်အဆိုအကများ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Say itin English
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ ခါသကြံန်အဆိုအကများ
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"(အပိုင်း-၂၇)**
- ၁၂:၂၀ ၅။ တံငါတံတား
- ၁၂:၃၀ ၆။ မြန်မာ့ရုပ်ရှင် **"သကြံန်မိုး"(နေအောင်၊ဇင်ဝိုင်း၊ ဇော်ဝမ်း၊ခင်သန်းနု၊ မေသန်းနု၊သီတာသိမ့်) (ဒါရိုက်တာ-မောင်တင်ဦး)**
- ၁၄:၄၅ ၇။ International News
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ ခါသကြံန်အဆိုအကများ
- ၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း-၁၄)**
- ၁၉:၃၀ ၁၂။ ခါသကြံန် အဆိုအကများ
- ၁၉:၄၅ ၁၃။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"(အပိုင်း-၃၃)**

သင်္ကြန်တွင်း တရားပွဲများ

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ၅၁(က) ဖိုးစိန်လမ်း၌ နှစ်ဖက် မိဘများအား ရည်စူး၍ ဦးတင်ငြိမ်း-ဒေါ်မို့မို့လှိုင် ဟောလီးဒေးမိသားစု၏ ဆဋ္ဌမအကြိမ်မြောက် သင်္ကြန်တွင်း တရားပွဲများကို ဧပြီ ၁၃ ရက်တွင် ကျိုက္ကလော့ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ၊ ၁၄ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၁၅ ရက်တွင် ယောဆရာတော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ ၁၆ ရက်တွင် အရှင်ပုညာနန္ဒတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားချီးမြှင့်တော်မူကြမည်ဟု သိရသည်။ **(က-ပ)**

ချောက်မြို့အနီး ရေဝတီမြစ်ကျော်ဓာတ်အားလိုင်း ကြိုးလဲလှယ်ချိန်ရေကြောင်းလမ်းပိတ်ထားမည်

ရန်ကုန် ဧပြီ ၉

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ချောက်မြို့အနီးရှိ ကျွန်းချောင်း-ချောက် ဓာတ်အားလိုင်း ကြိုးအဟောင်းအား ဖြုတ်သိမ်း၍ ဓာတ်အားလိုင်းကြိုးအသစ် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို ဧပြီ ၁၃ ရက်မှ ဧပြီ ၁၈ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

ဓာတ်အားလိုင်းကြိုး လဲလှယ်တပ်ဆင်နေစဉ်အတွင်း လုပ်ငန်းခွင်အထက်ဘက်နှင့် အောက်ဘက်မြစ်အတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က စောင့်ဆိုင်းပြီး ကြပ်မတ်ကွပ်ကဲလျက် ရေယာဉ်များမဖြတ်သန်းရန် ရေကြောင်းလမ်းခေတ္တပိတ်ထားမည်ဖြစ်သည်။ အဆိုပါရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့် ရေယာဉ်များ၊ သစ်ဖောင်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာရေကြောင်းတွင် ခေတ္တရပ်နားစောင့်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်ပြီး၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် အိမ်ရာအရောင်းပွဲတော်ကျင်းပရာ အိမ်ခန်းဝယ်ယူလိုသူများက အိမ်ပုံစံများအား ကြည့်ရှုနေကြသည်ကို ဧပြီ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်ရုရှား နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရန် အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ရေး ပြောကြား

ပေကျင်း ဧပြီ ၇

အနာဂတ်ကာလတွင် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတိုးတက်ကောင်းမွန်စေရန်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံက အဆင်သင့်ရှိကြောင်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟွန်ဂျွန်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့သို့ အလည်အပတ်ရောက်ရှိနေသော ရုရှားသမ္မတ၏ လက်ထောက်အရာရှိ ဗိုက်တာအိုင်ဗင်နော့နှင့် တွေ့ဆုံဆွေးနွေးရာတွင် မစ္စတာဟွန်က တရုတ်နှင့်ရုရှားနိုင်ငံတို့သည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၌ ပူးပေါင်းလုပ်ဆောင်ရာတွင် ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း ပြောကြားသည်။

အရေးကြီး

ထို့အပြင် အခြားနယ်ပယ်ကဏ္ဍများတွင် ရလဒ်ကောင်းများ အောင်မြင်စွာရရှိရန် နှစ်နိုင်ငံလုံးအနေဖြင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် အရေးကြီးကြောင်းလည်း မစ္စတာဟွန်က ထပ်လောင်းပြောကြားသည်။

တစ်ဖန် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ရုရှားဧည့်သည်တော်များအား မစ္စတာဟွန်က ရှင်းလင်းပြောကြားခဲ့သည်။ တရုတ်နှင့် ရုရှားနိုင်ငံတို့ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်စေရန် နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန် အလည်အပတ်သွားရေး ကိစ္စရပ်များကိုလည်း ၎င်းက ပြောကြားသည်။

ဆန္ဒရှိနေ

မစ္စတာအိုင်ဗင်နော့ကလည်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်တွင် တရုတ်နိုင်ငံနှင့်အတူ ခိုင်ခိုင်မာမာ ပူးပေါင်းဆောင်ရွက်ရန် ရုရှားနိုင်ငံကလည်း ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းနှင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် အပြန်အလှန် အကျိုးရှိလိမ့်မည်ဟု ဂျပန်ရှုမြင်သုံးသပ်

တိုကျို ဧပြီ ၇

ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံမဏိနှင့် မော်တော်ကားအစိတ်အပိုင်းကဲ့သို့ နယ်ပယ်များတွင် ကွာဟချက်များရှိနေလင့်ကစား ဂျပန်နိုင်ငံက ထိုင်းနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် စေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဒုတိယဝန်ကြီး ဟိုက်ဒီဂျီဆူဂျီရာမာက တနင်္လာနေ့၌ ပြောကြားသည်။

ဂျပန်နိုင်ငံအတွက် ထိုင်းနိုင်ငံနှင့် စီးပွားပေါင်းဖော်ဖက်ပြုခြင်းသည် အလွန်အရေးကြီးကြောင်း ဆူဂျီရာမာက ပုံမှန် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ဆွေးနွေးခဲ့

ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအတွင်း လေးရက်ကြာဆွေးနွေးနိုင်ခဲ့ပြီး သောကြာနေ့က နောက်ဆုံးနေ့အဖြစ်ဆွေးနွေးရာ အက်ဖ်တာဆွေးနွေးပွဲ ခုနစ်ကြိမ်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲတစ်ရပ်တွင် အခြေခံသဘောတူညီချက် တစ်ရပ်ရရှိခဲ့ကြောင်း၊ သို့ရာတွင် စက်မှုထုတ်ကုန် ပစ္စည်းများအပေါ် ယင်းတို့၏ ချောင်ပိတ်မှုကိုဖြေရှင်းရန် မအောင်မြင်ကြောင်း ၎င်းကပြောကြားသည်။

တိုကျိုက သံမဏိနှင့်မော်တော်ကားအစိတ်အပိုင်းများတွင် အခွန်လျှော့ချရန် ချန်လှပ်ထားမှုကို ဗန်ကောက်က တောင်းဆိုနေကြောင်း ဆူဂျီရာမာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

မိုနာကိုမင်းသား ရိန်နီယာကွယ်လွန်

ပါရီ ဧပြီ ၇

မိုနာကိုနိုင်ငံ၏ တတိယမြောက် မင်းသားရိန်နီယာသည်နှလုံး၊ကျောက်ကပ်အပြင် အသက်ရှူရခက်ခဲသည့် ဝေဒနာများကို ခံစားခဲ့ရပြီးနောက် အသက်(၈၁)နှစ်အရွယ်တွင် ဗုဒ္ဓဟူးနေ့က ကွယ်လွန်သွားကြောင်း မိုနာကို ဘုရင့်နန်းတော်က ကြေညာသည်။

ကွယ်လွန်

မင်းသားရိန်နီယာသည် မိုနာကိုနိုင်ငံကို ၁၉၄၉ခုနှစ်ကစပြီး အုပ်စိုးခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့၌ ဒေသစံတော်ချိန် ဝ၆း၃၅နာရီ (ဝ၄၃၅ဂျီအမ်တီ)၌ ကွယ်လွန်သွားခြင်းဖြစ်ကြောင်း နန်းတော်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းမှာ ဥရောပတိုက်၏ ထီးနန်းသက်အရှည်ဆုံး ဘုရင်ဖြစ်သည်ဟု သိရသည်။ ရိန်နီယာ၏ ထီးမွေနန်းမွေကို သားဖြစ်သူမင်းသား အယ်လ်ဘတ်(၄၇)နှစ်က ဆက်ခံမည်ဖြစ်သည်။ မင်းသားအယ်လ်ဘတ်သည် ဖခင်ရိန်နီယာ၏ အခြေအနေ လွန်ခဲ့သည့် နှစ်ပတ်နီးပါး၌ ဆိုးလာခဲ့ပြီးနောက် ပြီးခဲ့သည့်အပတ်က ဖခင်၏တာဝန်များကို လွှဲပြောင်းယူခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

နျူကလီးယား ဓာတ်အားထုတ်လုပ်သည့် ယူနစ်၄၀ လာမည့် ၁၅နှစ်အတွင်း တရုတ်နိုင်ငံတည်ဆောက်မည်

ရှန်ဟိုင်း ဧပြီ ၇

တရုတ်နိုင်ငံသည် အများဆုံးစုပေါင်းထုတ်လုပ်နိုင်စွမ်း ကီလိုဝပ်သန်း ၄၀ရှိသော နျူကလီးယားဓာတ်အားထုတ်လုပ်ရေး ယူနစ် ၄၀ကို လာမည့် ၁၅ နှစ်အတွင်း တည်ဆောက်သွားမည်ဟု အမျိုးသားကာကွယ်ရေးဆိုင်ရာ သိပ္ပံ၊ နည်းပညာနှင့် စက်မှုလုပ်ငန်းကော်မရှင်(စီအက်စ်တီအိုင်အင်န်ဒီ)က ပြောကြားချက်အရ သိရသည်။

အရေးကြီး

နျူကလီးယားဓာတ်အားသည် တရုတ်နိုင်ငံ၏ ဓာတ်အားလုပ်ငန်းတွင် ပိုအရေးကြီးသောကဏ္ဍက ဆောင်ရွက်မည်ဖြစ်ကြောင်း စီအက်စ်တီအိုင်အင်န်ဒီအောက်ရှိ အင်ဂျင်နီယာဌာန လက်ထောက်ညွှန်ကြားရေးမှူး ကျန်ဖူဘိုးက ပြောကြားသည်။

ပြောကြား

၎င်းသည် တရုတ်နိုင်ငံ၏ ဦးဆောင်စက်မှုလုပ်ငန်းဒေသဖြစ်သော ရှန်ဟိုင်းတွင် ဗုဒ္ဓဟူးနေ့၌ ဖွင့်လှစ်ခဲ့သည့် တရုတ်နျူကလီးယားဈေးကွက်နှင့် နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ထိုသို့ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အာဖရိက ငှက်ဖျားနှိမ်နင်းရေး စည်းရုံးလှုံ့ဆော်မှု အာဖရိကတောင်ပိုင်း နိုင်ငံခေါင်းဆောင်များကူညီရန် မေတ္တာရပ်ခံ

ဂျိုဟန်နက်စဘတ် ဧပြီ ၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)သည် ဧပြီ ၂၅ရက်၌ အာဖရိကငှက်ဖျားနေ့ စည်းရုံးလှုံ့ဆော်မှု အသစ်တစ်ရပ်ကို စတင်လုပ်ဆောင်မည်ဖြစ်ပြီး ငှက်ဖျားကင်းရှင်းစေမည့် စည်းရုံးလှုံ့ဆော်မှုတွင် အထောက်အကူပေးရန် တောင်အာဖရိကနိုင်ငံများ၏ ခေါင်းဆောင်များအား မေတ္တာရပ်ခံထားသည်။

ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့တွင် ဧပြီ ၂၅ရက်၌ ဒေသဆိုင်ရာအဆင့် အာဖရိကငှက်ဖျားနေ့ (အေအမ်ဒီ)ကို စတင်လှုပ်ရှား ဆောင်ရွက်ရာတွင် အထောက်အကူပေးပြီး ပါဝင်ဆောင်ရွက်ရန် နိုင်ငံရေး ခေါင်းဆောင်များအား ဖိတ်ခေါ်ကြောင်း တနင်္လာနေ့က ထုတ်ပြန်သည့် ဒဗလျူအိပ်ချ်အို ကြေညာချက်၌ ဖော်ပြထားသည်။

အာဖရိကငှက်ဖျားနေ့ စည်းရုံးလှုံ့ဆော်မှု ရည်ရွယ်ချက်များသည် ထိုရောဂါကို ကာကွယ်မှု၊ ကုသမှုနှင့် ထိန်းချုပ်မှုများတွင်ပါဝင် ဆောင်ရွက်ရန်အတွက် လူမျိုးစုများကို စည်းရုံးရန်အပြင် ငှက်ဖျားရောဂါကို နှိမ်နင်းရာတွင် ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍကို အသားပေးရန် ဖြစ်သည်ဟု ဆိုသည်။

တားဆီးကာကွယ်နိုင်ပြီး ကုသနိုင်သော ငှက်ဖျားရောဂါသည် အာဖရိကတောင်ပိုင်း၌ လူသေစေသည့် အဓိကရောဂါဖြစ်ပြီး ငှက်ဖျားဒေသများတွင် နေထိုင်သည့် လူဦးရေ၏ ၆၃ရာခိုင်နှုန်းသည် ယင်းငှက်ဖျားရောဂါကြောင့် သေဆုံးခဲ့ရသည်။ ယင်းငှက်ဖျားရောဂါကြောင့် နှစ်စဉ်လူ၃၀၀၀၀၀ခန့် သေဆုံးသည်ဟု တောင်အာဖရိက သတင်းစာဆရာအသင်း၏ အစီရင်ခံစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မိုဆူးလ်မြို့ရှိ အဆောက်အအုံတစ်ခုအတွင်း စီးနင်းရှာဖွေမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဧပြီ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင် အီရတ်မြောက်ပိုင်းတွင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၅

အီရတ်နိုင်ငံမြောက်ပိုင်း တယ်လ်အဖာမြို့တွင် သေနတ်သမားတစ်ဦး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ဖော်ပြ

ပြီးခဲ့သည့် စနေနေ့က တယ်လ်အဖာမြို့တွင် သေနတ်သမားတစ်ဦးက လက်နက်ငယ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှ စတင်ကာ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၅၃၀ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ် က ဂုဏ်ပြု ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၉

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဧပြီ ၆ရက် ည၇နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ဗီယင်ကျန်းမြို့ရှိ **Lao Plaza Hotel** ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာစားပွဲတက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်အမတ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ဂုဏ်ပြုညစာစားပွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်

စာမျက်နှာ ၁၁ ကော်လံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များက ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

10-4 (05).p65 1 3/25/05, 10:04 PM

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ရောက်ရှိ၊ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ် ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံသို့လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့လည်း ကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၏ဖိတ်ကြား ချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် သုံးနိုင်ငံချစ်ကြည်ရေး ခရီးစဉ်၏ ခရီးစဉ်အစဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်ရန် ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ အထူး လေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန်၁၀နာရီ ၂၅မိနစ်တွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာ ဗက်လင်ဆာဗက်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ဗီယင်ကျန်းမြို့ရှိ ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိတ်ဆက်ပေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်အား မြန်မာချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးတင်ဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန် ရေးရာဌာနအကြီးအကဲ မစ္စတာလီဘွန်ခမ်တို့က အထူးလေယာဉ်ပေါ်သို့တက် ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

သံရုံးမိသားစုများကြိုဆို

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင် သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘို ဒီဆိန်းနှင့် ကြိုဆိုရေးအဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီးဒေါ်သီတာဌေး၊ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်နှင့်ဇနီး ဒေါ်သင်္ဂီစိုး၊ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးဝန်ထမ်း များနှင့် မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် လေယာဉ်ပေါ်မှဆင်းသက်လာသော နိုင်ငံတော်ဝန်ကြီးချုပ် အား မြန်မာအမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ဂုဏ်ပြုပန်းစည်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာ ဗက်လင်ဆာဗက်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသား လွှတ်တော်သို့ ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က လှိုက်လှဲခင်မင်လေးစားစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့ပြင် လာအိုအမျိုးသမီးတစ်ဦးက နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည် ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို အမျိုးသား လွှတ်တော် အဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်

စာမျက်နှာ ၇ ကော်လံ ၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား မြန်မာအမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

မိတ်ဆက်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်နှင့် ရဲအရာရှိကြီးများ၊ အမျိုးသားလွှတ်တော်အမတ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်ပေး

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်အား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လွမ်းသူ့ပန်းခွေချ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ သူရဲကောင်းဗိမာန်သို့သွားရောက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က လွမ်းသူ့ပန်းခွေချကာ အလေးပြုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မိတ်ဆက်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံအပြန်အလှန်ထောက်ခံအားပေးမှုရှိ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကိုသိရှိ

❐ *ကျောဖုံးမှ*

ရှင်းလင်းပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှေးဦးစွာနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော်အား ကျန်းမာစေရန် ဆုတောင်းမေတ္တာ ပို့သလိုက်သည်ကို ပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို မြှင့်တင်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိပါကြောင်း၊ ချမှတ်ခဲ့သည့် နိုင်ငံတော်၏မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ဖိအားပေးမှုဂရုမပြု

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက နှစ်နိုင်ငံအကြား အစဉ်အလာကောင်းသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံမှုရှိပါကြောင်း၊ ယခုဝန်ကြီးချုပ်နှစ်ဦး၏ အောင်မြင်သော ဆွေးနွေးပွဲကြောင့် နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးတက်စေပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန် ထောက်ခံအားပေးမှုများ ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိရပါကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနေခြင်းနှင့် ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာကျင်းပခဲ့ခြင်းများအတွက် ဝမ်းမြောက်ပါကြောင်း၊ လာအိုအစိုးရနှင့်ပြည်သူများက မြန်မာနိုင်ငံအား အမြဲထောက်ခံမှုပေးမည်ဖြစ်ပါကြောင်း၊ ပြည်ပအဖျက်သမားများ၏ စွပ်စွဲချက်များ၊ ဖိအားပေးမှုများကို ဂရုမပြုဘဲ နိုင်ငံတိုးတက်ရေးအတွက်သာ အားစိုက်ရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံတို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့သည် ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖန်လွန်ချစ်ဗုံဆာ၊ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိမ်းဆဖွန်သွန်၊ ဝန်ကြီးချုပ်ရုံးဒုတိယဝန်ကြီး ဒေါက်တာ ဘိုဗိန်းခမ်းဘောင်ဒါလာ၊ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဒုတိယဝန်ကြီး မစ္စတာလိန်းသီခို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာလာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က မကြာခင်က ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ခဲ့ပြီးနောက် ယခုတစ်ကြိမ် ချစ်ကြည်ရေးခရီး လာရောက်ခြင်းကို ကြိုဆိုပါကြောင်းဖြင့် ပဏာမပြောကြားသည်။

ပိုမိုခိုင်မာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အပြန်အလှန် လေးစားမှုနှင့်စာနာနားလည်မှုတို့ကိုအခြေခံသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှုများကြောင့် ပိုမိုခိုင်မာတည်တံ့ခဲ့ပါကြောင်း။

ဧရာဝတီ-ကျောက်ဖယား မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS)အရ နှစ်နိုင်ငံချင်းနှင့် ဘုံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးများတွင် အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိသည်ကို ဝမ်းမြောက်စွာ တွေ့ရပါကြောင်း။

ညီလာခံပြန်လည်ကျင်းပနေ

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အသိပေးပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရသည် ၂၀၀၃ခုနှစ် ဩဂုတ်၃၀ရက်တွင် နိုင်ငံတော်မှ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ပထမအဆင့်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ရေးဆွဲရန်အတွက် အခြေခံမူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ပြန်လည်ကျင်းပနေခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

တိုးတက်နေသည်ကိုတွေ့ရ

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အသိပေးပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးနှင့်ပတ်သက်၍ အဆွေတော်၏ ပြောကြားချက်များကို သဘောတူပါကြောင်း၊ မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏ အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနှင့်လာအိုနယ်စပ်ဒေသသည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နေသည်ကို တွေ့ရပါကြောင်း။

ကျေးဇူးတင်ရှိ

နှစ်ဖက်ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်းမှုကြောင့် နယ်စပ်ဒေသတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရက ကဏ္ဍအတော်များများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လာအိုနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံအတွင်း အကူအညီပေးခဲ့ခြင်းကို ကျေးဇူးတင်ရှိပါကြောင်း။

နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်လို

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတွင် အကျိုးရှိသည့်ရလဒ်များထွက်ပေါ်လာအောင်၊ အကောင်အထည်ဖော်နိုင်အောင် ၂၀၀၅ခုနှစ် ဇူလိုင်လတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့်မြောက်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား အစဉ်အလာရှိသောဆက်ဆံရေးကို အထိမ်းအမှတ်အဖြစ် ကျင်းပရေးညှိနှိုင်းဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၆)ကြိမ်မြောက် နှစ်နိုင်ငံ ပူးတွဲကော်မရှင် အစည်းအဝေးသဘောတူညီချက်များ အကောင်အထည်ဖော်ရန်နှင့် (၇)ကြိမ်မြောက် ပူးတွဲကော်မရှင်အစည်းအဝေးကို ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရန်၊ ACMECSနှင့် CLMVထိပ်သီးအစည်းအဝေးများသဘောတူညီချက်များအကောင်အထည်ဖော်မှုအခြေအနေသုံးသပ်ရန်၊ ၂၀၀၅ခုနှစ် အရှေ့အာရှထိပ်သီးအစည်းအဝေး (EAS) ကျင်းပရန် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင်ပြုလုပ်မည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအလွတ် သဘောအစည်းအဝေးတွင် အကြိုညှိနှိုင်းဆွေးနွေးရေးကိစ္စရပ်များ တိုင်ပင်ညှိနှိုင်းကြပြီးနောက် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းလာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီးချုပ်နှစ်ဦး၏ အောင်မြင်သောဆွေးနွေးပွဲ နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးတက်ဖြစ်ထွန်းစေ အပြန်အလှန် ထောက်ခံအားပေးမှုများရရှိ

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ **Lao Plaza Hotel** ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က နှုတ်ခွန်းဆက် ဆုတောင်းစကားပြောကြားစဉ်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်ဆုတောင်းစကားပြောကြား

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ **Lao Plaza Hotel** ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက်ဆုတောင်းစကား ပြောကြားစဉ်။ (သတင်းစဉ်)

သူရဲကောင်းဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သူရဲကောင်းဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

(သတင်းစဉ်)

အလှူရှင် ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေ

ပခုက္ကူ ဦးအုံးဖေ

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် နံနက်စောစော။ ရန်ကုန်မှ မန္တလေးလမ်းအတိုင်း မြင်းခြံသို့ ဆလွန်းကားလေးဖြင့် ထွက်လာကြသည်။ အတူပါသူများမှာ ဦးတင့်ဆွေ (မလေးဆေးလိပ်ရုံပိုင်ရှင်)၊ ဦးအောင်သန်း (ဆန်ကုန်သည်ကြီး)နှင့် ဦးသိန်းခိုင်ဦးတို့ ဖြစ်သည်။ ဦးသိန်းခိုင်ဦးသည် ၃၄နှစ် လူပျိုကြီး ဖြစ်သည်။ စာအလွန်ဖတ်သဖြင့် နိုင်ငံတကာဗဟုသုတနှင့် လုပ်ရည်ကိုင်ရည် ရှိသူဖြစ်၏။

ကျွန်တော်သည် မော်တော်ကားဖြင့် မိုင်ပေါင်းများစွာ ခရီးသွားလာရာတွင် ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုသည်။ ကားလမ်းဘေးရှိ နွေစပါးခင်းများနှင့် ဟင်းသီးဟင်းရွက်ခင်းများမှာ နှင်းပက်ဖျန်းထားသည့်အတွက် လန်းဆန်းတက်ကြွလျက်ရှိသည်။ နွေစပါးစိုက်ခြင်း လုပ်ငန်းကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှ စတင်ခြင်းဖြစ်၏။ နိုင်ငံတော်အစိုးရ၏ အဘက်ဘက်မှ အားပေးမြှင့်တင် ဆောင်ရွက်မှုကြောင့် အောင်မြင်လာခြင်းဖြစ်၏။

နံနက် ၁၁နာရီခွဲ၌ တောင်ငူမြို့သို့ ရောက်သည်။ တောင်ငူသည် သမိုင်းဝင် ခရိုင်မြို့ကြီးဖြစ်သည်။ တောင်ငူဘုရင် တပင်ရွှေထီးသည် ရဲစွမ်းသတ္တိရှိသည့် ဘုရင်တစ်ပါးဖြစ်သည်။ ပထမမြန်မာနိုင်ငံကို တည်ထောင်သူ ပုဂံအနော်ရထာဘုရင်လို စည်းလုံးညီညွတ်သည့် ဒုတိယမြန်မာနိုင်ငံကို တည်ထောင်လိုသူဖြစ်၏။ ပေါ်တူဂီလူမျိုးဆက်သသည့်အရက်ကို သောက်ရာက အရက်စွဲလမ်းကာ နေ့မီးမစဲ၊ ညမီးမစဲ အရက်သောက်လေသည်။ တစ်ခါသော် အရက်မူးပြီး စက်တော်ခေါ်ရာတွင် စစ်တောင်းစား သမိန်စောထွတ် လုပ်ကြံ၍ နတ်ရွာစံရလေသည်။

ထို့ပြင် တောင်ငူမြို့သည် ရတုဘုရင်နတ်သျှင်နောင်၏ ဇာတိမြို့ ဖြစ်သည်။ နတ်သျှင်နောင်သည် ရာဇဓာတုကလျာနှင့် လက်ထပ်ကာ တောင်ငူထီးနန်းကို စံမြန်းခဲ့သူဖြစ်၏။ ဓာတုကလျာနှင့် လက်မထပ်မီ ဓာတုကလျာ ချောမောလှပသည့် အကြောင်း ရတုပုဒ်ပေါင်းများစွာ ရေးဖွဲ့ခဲ့ရာတွင် ..."တင့်လှပေဟန်၊ ဖက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့" ဟူ၍သူမြတ်နိုးသည့် ဓာတုကလျာသည် နတ်ပြည်ခြောက်ထပ်မှ ဆင်းသက်လာသည့် နတ်သမီးလားဟုပင် ထင်မှားဝိုးဝါးနေကြောင်း ရသမြောက်အောင် ရေးဖွဲ့နိုင်စွမ်းရှိသူ ဖြစ်၏။

နယ်ချဲ့ကျူးကျော်ရေးသမား သန်လျင်မြို့စား ပေါ်တူဂီလူမျိုး ဇေင်ကာသည် တောင်ငူကိုတိုက်ရာ ညီတော်အိမ်ရှေ့ဥပရာဇာကျပြီး နတ်သျှင်နောင်ကို သန်လျင်သို့ ခေါ်သွားလေသည်။ တိုင်းတစ်ပါးသား၏ ကျူးကျော်မှုကို လက်မခံလိုသော အင်းဝဘုရင် အနောက်ဘက်လွန်မင်းတရားကြီးသည် ရေကြောင်းချီတက်ပြီး သန်လျင်ကို တိုက်ခိုက်ရာ သန်လျင်မြို့နှင့် ဇေင်ကာ၊ နတ်သျှင်နောင်တို့ကို ဖမ်းဆီးရမိလေသည်။ တိုင်းတစ်ပါးသား နယ်ချဲ့နှင့် လူပေါင်းမှားခဲ့သည့် နတ်သျှင်နောင်တို့ နှစ်ဦးကို သန်လျင်မြို့တွင် ကွပ်မျက်လေသည်။ ဇေင်ကာသည် ဘုရားများနှင့် ဂူကျောင်းပုထိုးများကို ဖျက်ဆီးခဲ့သူဖြစ်၏။

တောင်ငူမြို့တွင် ယနေ့ကာလ၌ အလှူဒါနနှင့် စပ်လျဉ်း၍ထင်ပေါ်ကျော်ကြားသည့် အမျိုးသမီးကြီးတစ်ဦးရှိသည်။ ၎င်းမှာ လှူရာတန်းရာတွင် အလွန်ရက်ရောသည့် 'ရွှေနှင်းဆီ' ဆေးလိပ်ရုံပိုင်ရှင် ဒေါ်အုန်းခင်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် ဘွဲ့တံဆိပ် (သီရိသုဓမ္မသင်္ဂြိုဟ်ဘွဲ့နှင့် အဂ္ဂမဟာသီရိသုဓမ္မသင်္ဂြိုဟ်) ဘွဲ့ရရှိသူဖြစ်သည်။ လူချင်းမတွေ့ဖူး၊ မမြင်ဖူးသော်လည်း အသက်အရွယ်နှင့် ကျန်းမာရေးကိုသိလို၍ ဝင်ရောက် နှုတ်ဆက်ဖြစ်သည်။ ကျွန်တော် လာရောက်နှုတ်ဆက် သည်ကို ဝမ်းသာသည့် လက္ခဏာရှိသည်။ မွေ့ရာပါးပါးပေါ်တွင် ပုဆစ်တုပ်ထိုင်လျက်ရှိသည်။ "ကျွန်တော် ပခုက္ကူအုံးဖေပါ" ပြောလျက် နှုတ်ဆက်သည်။

"အသက်ဘယ်လောက်ရှိပြီလဲ"

"၈၅နှစ်ပါ၊ ဦးအုံးဖေအသက်ကိုလဲ သိပါရစေ"

"ကျွန်တော်က ၈၈နှစ်ပါ"

"ကျန်းမာရေးတကယ်ကောင်းတာပဲနော်"

ဒေါ်အုန်းခင်သည် ကျွန်တော့်ထက် အသက်လေးနှစ်နီးပါးငယ်ပါသည်။

"အသက်ကြီးလျှင် အစားအသောက် ဆင်ခြင်သင့်တယ်။ စားကောင်းတိုင်း မစားနဲ့။ နည်းနည်း၊ နည်းနည်း တစ်နေ့ လေးငါးခါ စားသင့်ပါတယ်။ ပြီးတော့ လှုပ်ရှားနေရမယ်။ မစီးတဲ့ရေဟာ ရေညှိတက်သလို လှုပ်ရှားမှုမရှိတဲ့လူဟာလဲ ရောဂါများတတ်တယ်။ တိုက်အပေါ်ထပ်မှာ လမ်းလျှောက်ရင် ပိုကောင်းတယ်"ဟု အကြံပေးလိုက်မိသည်။

"ဒေါ်အုန်းခင်က ကျေးဇူးတင်ပါတယ်"ဟု ပြောကာ အနီးရှိ လူငယ်တစ်ဦးကို ငွေ ၁၀သိန်းယူခဲ့ရန် ပြောလျက်-

"ဦးအုံးဖေ စာကြည့်တိုက်အတွက် လှူမယ်"ဟု ဆိုသည်။

ကျွန်တော်၏စာကြည့်တိုက်သက်တမ်း ၁၀နှစ်အတွင်း ငွေလှူသူများတွင် သုံးသိန်းလှူသူ နှစ်ဦးနှင့် ငါးသိန်းလှူသူ နှစ်ဦးရှိသည်။ ယခု ဒေါ်အုန်းခင် လှူငွေသည် အများဆုံးဖြစ်သည်။ **(အပေါ်ယာပုံ)**

"ကျွန်တော် အလှူခံလာတာမဟုတ်ပါဘူး။ ဒေါ်အုန်းခင်ကို မတွေ့ဖူးလို့ တွေ့ချင်တယ်၊ ပြီးတော့ ကျန်းမာရေးကိုလဲ သိချင်လို့ပါ"

"ကျွန်မကလဲ ဦးအုံးဖေနဲ့ တွေ့ရလို့ လှူဖြစ်တာ ဝမ်းသာပါတယ်"

ဤသို့ဖြင့် ဒေါ်အုန်းခင်တို့မိသားစုကို နှုတ်ဆက်ကာ ထွက်လာကြသည်။ မြို့အထွက် လမ်းအရှေ့ဘက်တွင် စားသောက်ဆိုင်တစ်ခုရှိသည်။ ကြီးမားကျယ်ဝန်းသည်။ သန့်ရှင်းသည်။ ကြက်သားအစိမ်းကြော်တစ်ပွဲ၊ ကြက်သားကုန်းဘောင်ကြီးကြော်တစ်ပွဲ၊ ငါးချိုချဉ်ကြော်တစ်ပွဲဖြင့် ထမင်းစားကြသည်။ ဆာလောင်လို့လား၊ ဟင်းလျာကောင်းလို့လားမသိ စားလို့မြိန်ယှက်လှသည်။ ငါးချိုချဉ်ကြော်မှာ အကောင်းဆုံးဖြစ်သည်။

ည ၈နာရီအချိန် မြင်းခြံမြို့ဦးမြင့်သူ-ဒေါ်ချိုချိုသင်းတို့၏ နဂါးနီဆေးလိပ် အလုပ်ရုံသို့ရောက်သည်။ ၁၆နာရီကျော် ကားစီးလာရသဖြင့် စကားပင်မပြောနိုင်။ တန်းလျားပေါ်တွင် လှဲအိပ်လိုက်ရသည်။ ကျွန်တော်သည် ညောင်ဦးမှ ရန်ကုန် သွားရာတွင် "ရဲသူအောင်"ကား ယာဉ်မောင်းနောက်တွင် ထိုင်ခုံနှစ်လုံးယူ၍ တစ်ဦးတည်းစီးလေ့ရှိသည်။ ၁၆နာရီ ၁၇နာရီ စီးရသော်ငြားလည်း ပင်ပန်းနွမ်းနယ်ခြင်း မရှိပါ။ မြေနီကုန်း၊ ဈေးလမ်း ဦးမြင့်အောင်-ဒေါ်သန္တာတို့တိုက်တွင် ထမင်း၊ပဲပြုတ်၊ ငါးခြောက်ဖုတ်စားပြီးသွားစရာ၊ လာစရာ ရှိသည်များကို တစ်နေကုန် သွားလာလှုပ်ရှားနိုင်သည်။

ဦးတင့်ဆွေတို့ သုံးဦးက ထမင်းစားကြသော်လည်း ကျွန်တော်ကမူ ထမင်းရည်ပူပူဖြင့် အမဲခြောက်ဖုတ်စားသည်။ ထမင်းရည်သည် ဆန်၏အရသာအရှိဆုံး၊ အကောင်းဆုံးဖြစ်သည်။

ဖေဖော်ဝါရီလ ၁၁ရက်ညနေတွင် ပခုက္ကူသို့ပြန်ရောက်သည်။ ခရီးပန်းလွန်း၍ ထိုင်ချင်ထချင်စိတ်မရှိသည့်အပြင် အလွန်ဝါသနာပါသည့် စာဖတ်ခြင်း၊ စာရေးခြင်းကို မပြုလုပ်လိုဘဲ အိပ်ရာထဲတွင်သာ လဲလျောင်းနေချင်သည်။ သမားတော်ကြီး ဦးကိုကိုလွင်ကို အိမ်ပင့်၍ ကျန်းမာရေးစစ်ဆေးသည်။

သွေးပေါင် ၁၃၀-၉၀၊ အဖျား ၁၀၁ဒီဂရီ ရှိသည့်အတွက် ဆန်ပြုတ်ဖြစ်စေ၊ ထမင်းရည်ဖြစ်စေ သောက်ရန် ပြောသွားသည်။

ဖေဖော်ဝါရီလ၁၆ရက်နေ့တွင်တောင်ငူမြို့ဒေါ်အုန်းခင်ထံ ဖက်စ်ကြေးနန်းရိုက်သည်။ ကျေးဇူးတင်ကြောင်းနှင့် ကျန်းမာစေလိုကြောင်းအပြင် လှူဒါန်းသည့်ငွေ ၁၀သိန်းကိုလည်း ပခုက္ကူမြို့မြန်မာ့စီးပွားရေးဘဏ်သို့ သွင်းပြီးဖြစ်ကြောင်း၊ ဘဏ်စာရင်းအမှတ်မှာ(အက်စ်အက်ဖ်-၈၂) ဖြစ်ကြောင်းနှင့် အောက်ပါအတိုင်းအကြံပေးရေးသားခဲ့ပါသည်။

အကြံပေးလိုသည်မှာ-

"ဒေါ်အုန်းခင်အနေဖြင့် တောင်ငူမြို့၌ ဘဝမှတ်တိုင်တစ်ခု စိုက်ထူစေလိုပါကြောင်း၊ ကျန်းမာရေးအတွက်ပြုလုပ်မည်ဆိုလျှင် တောင်ငူဆေးရုံ၌ ဆင်းရဲနွမ်းပါး၍ ဆေးဝါးမဝယ်ယူနိုင်သည့် လူနာများကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့သည့်သဘောဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရန်၊ သို့မဟုတ် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသော်လည်း မိဘအုပ်ထိန်းသူများ နွမ်းပါး၍ တက္ကသိုလ်၊ ကောလိပ်တက်ရောက်ရန် အခက်အခဲရှိနေသည့် ကျောင်းသားကျောင်းသူများကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့သည့် ပညာရေးရန်ပုံငွေ လှူဒါန်းမည်ဆိုလျှင် ပိုကောင်းမွန်သည်။ ငွေသိန်း ၁၀၀ကျော်၊ ၁၅၀ဆိုလျှင် သင့်လျော်သည်။ ၎င်းရန်ပုံငွေမှ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ရရှိသည့် အတိုးငွေ ၈၀ရာခိုင်နှုန်းကိုသာ ထုတ်ယူသုံးစွဲရမည်။ ကျန်ငွေ ၂၀ရာခိုင်နှုန်းကို မူလမတည်ငွေ ရှင်သန်တိုးပွားရန်အတွက် ချန်ထား ရမည်။ နှစ်ကြာလေ ရန်ပုံငွေ တိုးပွားလေဖြစ်သည်။ ဒေါ်အုန်းခင် ကွယ်လွန်သည့်တိုင်အောင် ရန်ပုံငွေကတော့ ရှင်သန်နေမည်သာ ဖြစ်သည်။

အကယ်၍ လှူဒါန်းလိုသည်ဆိုပါက ကျွန်တော်ကိုယ်တိုင် လာရောက်ကာ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုလုပ်ပေးမည်ဖြစ်သည်။

အလှူရှင် စေတနာရှင်ဒေါ်အုန်းခင် ကျန်းမာရွှင်လန်း ချမ်းမြေ့ပါစေ။"

ပခုက္ကူဦးအုံးဖေ။

မတ်လ ၂၁ ရက်နေ့အထိ ဒေါ်အုန်းခင်ထံမှ အကျိုးအကြောင်းမပြန်ကြားသဖြင့် သူ့ဆေးလိပ်ခုံအတွက် ဝယ်ယူတင်ပို့နေသူ ပွဲစားဦးဝင်းခိုင်ကို ဖုန်းနံပါတ်နှင့် အိမ်အမှတ်မေးမြန်းရာ အိမ်အမှတ် ၁၆/၃၄ ဗိုလ်ဖိုးကွန်းလမ်းနှင့် ဖုန်းအမှတ် ၀၅၄-၂၄၃၁၅ ဖြစ်ကြောင်း သိရသည်။

မတ်လ ၂၂ရက် နေ့လယ်ပိုင်းတွင် ဒေါ်အုန်းခင်ထံ ဖုန်းဆက်သည်။ ဖုန်းကိုင်သူမှာ အမျိုးသမီးဖြစ်၏။

"ဘယ်သူလဲ၊ ဘာကိစ္စလဲ" မေးသည်။

"ကျွန်တော်ဦးအုံးဖေပါ၊ဒေါ်အုန်းခင်နဲ့ပြောချင်လို့ပါ"

"ခဏကိုင်ထားပါ"ဟုပြောကာ အတန်ကြာတော့

"ဒေါ်အုန်းခင်မှာ အပူဒဏ်ကြောင့် မောနေ၍ စကားမပြောနိုင်ပါ"ဟု ပြန်ပြောလာပါသည်။

"ဖေဖော်ဝါရီ ၁၆ရက်နေ့က ကျွန်တော်ပို့တဲ့ ဖက်စ်ကြေးနန်းရသလားလို့သိချင်ပါတယ်"ဟု မေးကြည့်ရာ မရကြောင်း သိရသည်။

ကျွန်တော်ရိုက်သည့် ဖက်စ်ကြေးနန်းတွင်ဒေါ်အုန်းခင် အလှူရှင် သီရိသုဓမ္မသင်္ဂြိုဟ်ဘွဲ့ရ ရွှေနှင်းဆီဆေးလိပ်ရုံပိုင် တောင်ငူမြို့ဟု ရေးသားလိုက်မိပြီး အိမ်အမှတ်နှင့် လမ်းအမည်မပါသွား၍ မရောက်ဟု ယူဆရပါသည်။

မည်သို့ဖြစ်စေ ဤဆောင်းပါး၏ အဓိကဦးတည်ချက်မှာ အလှူရှင်ဒေါ်အုန်းခင် ကျန်းမာရွှင်လန်းချမ်းမြေ့စေလိုခြင်းနှင့် ယနေ့နိုင်ငံတော် တည်ဆောက်ရေးကာလတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ မွန်မြတ်သောအလှူရှင်များ တိုးပွားများပြားလာစေလိုသောဆန္ဒဖြင့် ရေးသားလိုက်ရခြင်းသာ ဖြစ်ပါသည်။ ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့၊

ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၀၇၉)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၅ (တနင်္ဂနွေနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်	၇:၄၅	ခါသကြိန်အဆိုအက	၉:၃၅	လွယ်ကူသက်သာ
၇:၀၅	သဘာဝအလှများစုဝေးရာ	၇:၅၀	Sunday Talk		မြန်မာ့ဟင်းလျာဟင်းချက်နည်း
	ပူတာအိုမြို့	၈:၄၅	ခါသကြိန်အဆိုအက	၁၀:၀၀	ခါသကြိန်အဆိုအက
၇:၁၀	ခါသကြိန်အဆိုအက	၈:၅၀	အင်းတော်ကြီးကန်	၁၀:၀၅	နိုင်ငံတကာသတင်း
၇:၁၅	ပြည်တွင်းသတင်း		စိမ်းလန်းစိုပြည်ရေး	၁၀:၁၅	တေးဂီတအစီအစဉ်
၇:၂၀	မေ့ထားလို့တော့မဖြစ်ဘူး	၉:၀၀	နိုင်ငံတကာသတင်း	၁၀:၂၀	မိုးလေဝသခန့်မှန်းချက်
		၉:၀၅	ငရုတ်ကောင်းသီးနှံ	၁၀:၂၅	ဝါသနာရှင်စင်မြင့်
			ပျိုးထောင်စိုက်ပျိုးနည်း		(သကြိန်အထူး)
		၉:၁၅	မိုးလေဝသခန့်မှန်းချက်	၁၁:၀၀	အပိတ်
		၉:၂၀	တေးဂီတအစီအစဉ်		
		၉:၂၅	မအီချောင်းတံတား		
		၉:၃၀	ပြည်တွင်းသတင်း		

အထက်ပါ ၄ နာရီစာအစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သောမြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၉

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဧပြီ ၇ ရက် နံနက် ၇ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်သည် Lao Plaza Hotel ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

မှတ်တမ်းဓာတ်ပုံပေးအပ်

ယင်းသို့တွေ့ဆုံနှုတ်ဆက်ရာတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

အဆိုပါ တွေ့ဆုံနှုတ်ဆက်ရာသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ထွက်ခွာရန် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝပ်တေး

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက်သွားရောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က Lao Plaza Hotel ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက်သွားရောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က Lao Plaza Hotel ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိန်းနှင့် တာဝန်ရှိသူများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး ဒေါ်သီတာဌေး၊ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်နှင့် ဇနီး ဒေါ်သိင်္ဂီစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက လိုက်ပါ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထွက်ခွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအိုယဉ်ကျေးမှု အဖွဲ့ဝင်များက တေးသံသာများဖြင့်လည်းကောင်း၊ တေးသီချင်းများဖြင့်လည်းကောင်း၊ ရိုးရာအကများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ လာအို ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များသည် လာအိုယဉ်ကျေးမှု အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်အရှေ့ဘက်၌ တည်ရှိသော သတ္တဌာနဗုဒ္ဓ ခုနစ်ဆူရုပ်ပွားတော်များတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ မူလပဓာနနာယက (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူး၍ ကုသိုလ်အဖြစ် ဥပသမ္ပဒမင်္ဂလာ ရဟန်းခံပွဲ၊ ပဗ္ဗဇ္ဇမင်္ဂလာ ရှင်သာမဏေဝတ်ပွဲ၊ ဒုလ္လဘသီလရှင်ဝတ်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို (မြန်မာနှစ်ဆန်း ၂၊ ၃ ရက်)ဧပြီ ၁၈၊ ၁၉ ရက်တို့တွင် ယင်းကျောင်းတိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ရဟန်း၊ သာမဏေ၊ သီလရှင် ဝတ်လိုသူများသည် ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)အရောက် စာရင်းပေးသွင်းကြရန်နှင့် သာသနာ့ဒါယကာခံယူလိုသူ အလှူရှင်များသည် ရဟန်းတစ်ပါး သင်္ကန်းပရိက္ခရာအစုံ ကျပ် ၄၀၀၀၊ သာမဏေတစ်ပါး ကျပ်၃၀၀၀၊ သီလရှင်တစ်ပါး ကျပ် ၃၅၀၀ ကိုလည်းကောင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ညနေဖျော်ရည်၊ ဆွမ်းလှူဒါန်းဖွယ်ရာများကိုလည်းကောင်း လှူဒါန်းလိုပါက လယ်တီကျောင်းတိုက် ဖုန်း– ၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ထွက်ခွာရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ဗီယင်ကျန်းမြို့ရှိ ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၃/၂၀၀၅)သို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၃/၂၀၀၅)ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း (အငြိမ်းစား)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဗဟိုစည်းရုံးရေး ကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကျင်းပပြုလုပ်ရေးအတွက် မူဝါဒနှင့် လုပ်ငန်းစီမံချက်များ အသေးစိတ် ချမှတ်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဖွဲ့ကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်ရမည့် အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စစ်မှုထမ်းဟောင်းနှင့် မိသားစုများ၏ နေရေး၊ ထိုင်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် စစ်မှုထမ်းဟောင်း ကျေးရွာများ၊ အိမ်ရာများ၊ ကျေးရွာစာသင်ကျောင်းများ၊ လမ်းတံတားများ ဆက်လက်တည်ဆောက် စီမံဆောင်ရွက်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၂/၂၀၀၅)၏ ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၅ခုနှစ် ညီလာခံကျင်းပရေးကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ၂၀၀၅ခုနှစ် ညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေး အစီအစဉ်စာတမ်း၊ မှတ်တမ်းနှင့် ဆုံးဖြတ်ချက်များ ပြုစုရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာ ချထားရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေးနှင့်လေ့လာရေးဆပ်ကော်မတီ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊လုံခြုံရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(၂၀၀၅)ခုနှစ် ညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)က ညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(၂၀၀၅)ခုနှစ် အကြို ညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြု ညှိနှိုင်းဆွေးနွေး တင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေးမှာကြား

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော်ကာလတွင် မော်တော်ဆိုင်ကယ်စီးနင်းခြင်း လုံးဝခွင့်မပြု ဌာနဆိုင်ရာများမှ မော်တော်ယာဉ်များ အသုံးပြုတာဝန်ထမ်းဆောင်ရမည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေစွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းစေရေးနှင့်ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျလိုက်နာကြစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မော်ကွန်းထိန်းများနှင့် ဌာနမှူးများက ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေး ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်လိုင်းများအလိုက် CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်လျက်ရှိရာ ပြောင်းလဲတပ်ဆင်နေစဉ် ကာလအတွင်း ယာဉ်များလျော့နည်းနေခြင်းကြောင့် ပြည်သူများ ခရီးသွားလာမှု အခက်အခဲမရှိစေရေး စီမံဆောင်ရွက်ကြစေလိုကြောင်း၊ ရန်ကုန်မြို့တော်နေ ပြည်သူအများစုသည် လိုင်းကားများကို အဓိကအားထား စီးနင်းနေကြရသဖြင့် မော်တော်ယာဉ်များ သတ်မှတ်ကာလမပြည့်မီ လိုင်းမှနုတ်ထွက်ရပ်နားခြင်း မရှိစေရေး၊ မော်တော်ယာဉ်လိုင်းများအလိုက် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မော်တော်ဆိုင်ကယ်များ စီးနင်းခြင်းကို လုံးဝခွင့်ပြုမည် မဟုတ်သဖြင့် သင်္ကြန်ပွဲတော်ကာလအတွင်း ဌာနဆိုင်ရာများမှ လက်ရှိအသုံးပြုလျက်ရှိသော မော်တော်ဆိုင်ကယ်များအစား မော်တော်ယာဉ်များဖြင့် အသုံးပြု တာဝန်ထမ်းဆောင်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်က တက္ကသိုလ်၊ ကောလိပ်များရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး စီမံဆောင်ရွက်ပေးနေသကဲ့သို့ လျှပ်စစ်မီးလုံလောက်စွာ ရရှိစေရေးနှင့် တယ်လီဖုန်းဆက်သွယ်မှု ကောင်းမွန်စေရေးကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများက မိမိသက်ဆိုင်သည့်ကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်များပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ခမ္ဘသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင် ကျမ်းများကျမ်းပြုအရှင်စန္ဒဓောတိ (ပါဠိပါရဂူ-ပိဋကတ်တစ်ပုံဆောင်) စီစဉ်တည်းဖြတ်၍ အရှင်ကုမာရ (စစ်ကိုင်းတောင်တန်း) ရေးသားသော အစွမ်းထက်ဂါထာများနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်း စာအုပ်များကို ဧပြီ ၆ ရက်က အရှင် စန္ဒဓောတိက တပ်ကုန်းမြို့နယ် စာကြည့်တိုက်များသို့ ပေးပို့လှူဒါန်းရာ စာကြည့်တိုက်မှူးကိုယ်စား စာရေးဆရာ ဈာန်ရဲထက်က လက်ခံရယူကြောင်း သိရသည်။ **(က-ပ)**

လက်ပံတန်း ဇီးဖြူကုန်းအထက အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၉

သာယာဝတီခရိုင် လက်ပံတန်းမြို့ ဇီးဖြူကုန်းအထက ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၁၇ရက် နံနက် ၇နာရီတွင် ဇီးဖြူကုန်းအထက၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဒေါက်တာခင်မောင်ဦး ဖုန်း-၀၁-၆၆၇၅၂၀၊ ဦးမောင်မောင် ဖုန်း-၀၁-၅၄၉၃၃၄၊ ဦးအောင်မြင့် ဖုန်း-၀၁-၂၉၃၅၂၉၊ ဒေါ်ဝင်းကြည် ဖုန်း-၀၁-၅၈၄၆၂၅၊ ဦးလှမျိုး ဖုန်း-၀၁-၆၃၅၁၈၃၊ ဦးမြဝင်း ဖုန်း-၀၁-၇၂၈၃၆၀၊ ဦးမြဝင်း (ပြည်) ဖုန်း-၀၅၃-၂၅၄၈၂၊ ဦးမောင်မောင်တာ ဖုန်း-၀၅၃-၃၀၃၅၅၊ ဦးထွန်းလွင် ဖုန်း-၂၇၂-၅၀၁၆၄၄၊ ဦးရဲလွင် ဖုန်း-၀၄၄-၇၀၁၃၁နှင့် ဦးကြည်စိုး ဖုန်း-၁၉၅-၀၁၃၆၀၈ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ် ဧပြီလအတွက်

(၁၀-၄-၂၀၀၅ ရက်နေ့) နှင့်

(၂၄-၄-၂၀၀၅ ရက်နေ့)

ပြည်ထဲရေးနှင့်လယ်ယာ/ ဆည်မြောင်းသရေကျ ဘဏ္ဍာ/ အခွန်က တပ်မတော်(ကြည်း)အသင်းကိုအနိုင်ရရှိ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေး အသင်းနှင့်လယ်ယာ/ဆည်မြောင်းအသင်းတို့ တစ်ဂိုးစီသရေပွဲ ဖြစ်သွားသည်။

လယ်ယာ/ဆည်မြောင်းအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန်မိနစ် ၆၀ တွင် ထွေးမောင်က ခေါင်းတိုက် သွင်းယူပေးသည်။ ပြည်ထဲရေးအသင်းအတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၇၀တွင် ချစ်ကိုကိုက ခေါင်းတိုက်သွင်းယူပေး သည်။ ပြည်ထဲရေးအသင်းမှ ဂိုးသမားလှိုင်ဝင်းသည် ပထမပိုင်း၌ သေချာပေါက်ဂိုးဝင်နိုင်သော အနေအထားကို ပယ်နယ်တီဧရိယာအပြင်ဘက်တွင် လက်နှင့်ပုတ်ထုတ်ကာကွယ်မိ၍ အနီကတ်ပြပြီး ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ပြည်ထဲရေးအသင်းသည် ပွဲပြီးသည်အထိ ၁၀ဦးတည်းဖြင့်ကစားရသော်လည်း ချေပဂိုးသွင်းယူနိုင်ခဲ့ရာ အဖိုးတန် တစ်မှတ်ရရှိခဲ့သည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် တပ်မတော်(ကြည်း)အသင်း တို့ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၀ပွဲကစား အမှတ် (၃၀)၊ ပြည်ထဲရေးအသင်းက ၁၃ပွဲ ကစား (၁၁)မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ၁၃ ပွဲကစား (၇)မှတ်၊ တပ်မတော်(ကြည်း)အသင်းက ၁၂ပွဲ ကစား (၆)မှတ်ရရှိထားကြသည်။ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းသည် သစ်တောရေးရာအသင်းထက် နှစ်မှတ် အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ၁၀ရက် **(ယနေ့)**ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် လယ်ယာ ထွက်ကုန်အသင်း၊ ပဒေသာအားကစားကွင်း၌ မလိခအသင်းနှင့်မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြ မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ ဟောဝဲလ်ဦးဆောင် ကမ္ဘာကျော်တိုက်ဂါးဝုဒ်ရုန်းကန်ကြိုးစားနေရဆဲ

အော်ဂတ်စတာ ဧပြီ ၉

ဂျော်ဂျီယာနိုင်ငံ အော်ဂတ်စတာ အမျိုးသားဂေါက်ကလပ်၌ ဧပြီ၈ရက်က မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများ ကျင်းပခဲ့ရာ အင်္ဂလန်နိုင်ငံသားများဖြစ်ကြသည့် လူကီဒေါ်နယ်နှင့် ဒေးဗစ်ဟောဝဲလ်၊ အမေရိကန်မှ ခရစ်ဒီမာကိုတို့သည် ငါးချက်စီလျှော့ရိုက်ပြီး ပြိုင်ပွဲကို ဦးဆောင်လျက်ရှိသည်။

ဟောဝဲလ်သည် ထိုနေ့က ပြိုင်ပွဲတွင် ကျင်းအမှတ်(၁၀)မှစပြီး ပထမ ခုနစ်ကျင်းတွင် ဘာဒီငါးခုရရှိခဲ့သည်။

ကမ္ဘာ့နံပါတ်(၁)ဗီဂျေဆင်းက ၆၈ချက်ရိုက်ပြီး လေးချက်လျှော့ရိုက်နိုင်ခဲ့သည်။ ယင်းစံချိန်မှာ သူ၏ အော်ဂတ်စတာအမျိုးသားဂေါက်သီး ရိုက်ပြိုင်ပွဲ ၁၂ ပွဲယှဉ်ပြိုင်ကစားရာတွင် အကောင်းဆုံးစံချိန်ဖြစ်သည်။

ဩစတြေးလျနိုင်ငံသားများဖြစ်ကြ သည့် မက်ခ်ဟင်စဘိုင်နှင့် စတုအက် အာလီဘိုင်တို့သည် သုံးချက်စီလျှော့ ရိုက်ကာ တတိယနေရာမှ လိုက်နေ ကြသည်။



ဂျော်ဂျီယာ နိုင်ငံ အော်ဂတ် စတာအမျိုးသား ဂေါက်ကလပ်၌ ပထမနေ့ ဖွင့်ပွဲ နေ့ တွင် ကမ္ဘာ ကျော်တိုက်ဂါးဝုဒ် ကိုးကျင်းမြောက် ကျင်း စိမ် ရန် ချိန်ရွယ် မှန်းဆ နေစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ယမန်နှစ်ချန်ပီယံ

အမေရိကန်မှ ကာ့ခ်ထရီပလက်နှင့် မိုက်ကယ်ဆွန်တို့သည် နှစ်ချက်စီ လျှော့ရိုက်ထားကြသည်။ မိုက်ကယ် ဆွန်မှာ ယမန်နှစ်ချန်ပီယံဖြစ်ခဲ့သည်။

လက်ရှိချန်ပီယံမိုက်ကယ်ဆွန်နှင့် သုံးကြိမ်ချန်ပီယံဖြစ်ခဲ့သူ တိုက်ဂါး ဝုဒ်တို့သည် ဖွင့်ပွဲနေ့က အချက်၇၀နှင့် ၇၄ချက်ဖြင့် အသီးသီးရိုက်ခဲ့ကြသည်။

တောင်အာဖရိကဂေါက်သီးရိုက် အကျော်အမော် အာနိုင်းအိစ်က ၇၅ ချက်ဖြင့် သုံးချက်ပိုရိုက်ခဲ့သည်။ အိုင် ယာလန်မှ ပတ်ဒရိတ်ဟာရင်တန်က နှစ်ချက်ပိုရိုက်ထားသည်။

တိုက်ဂါးဝုဒ်

ချန်ပီယံဆုရရှိရေးအတွက် ကမ္ဘာ ကျော် တိုက်ဂါးဝုဒ်သည် ဒုတိယနေ့ အထိရုန်းကန်ကြိုးစားနေရဆဲဖြစ်သည်။ **(အင်တာနက်)**

အဘိဓမ္မာပြန့်ပွားရေးအသင်း ဂုဏ်ဝိသိဋ္ဌပူဇာနှင့်ဩဝါဒါစရိယတင်မြှောက်ပွဲ

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၄၅) ကြိမ်မြောက် ဩဝါဒါစရိယဆရာတော် ကြီးများ ပူဇော်ကန်တော့ပွဲနှင့် အဘိ ဓမ္မာသင်တန်းပြဆရာ၊ ဆရာမများ၊ ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များအား ဂုဏ်ပြု ထောပနာ အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက ဗဟန်းလမ်းမကြီး ပေါ်ရှိ အဘိဓမ္မာရတနာဃရ(အဘိ ဓမ္မာဗိမာန်တော်ကြီး)၌ ကျင်းပရာ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိ ယတ္တိတက္ကသိုလ် ဒုတိယပါမောက္ခ ချုပ် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (D.litt)ဆရာတော်ကြီးထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး အဘိ ဓမ္မာအသင်း ဩဝါဒမူလဆရာ တော်ကြီးရှစ်ပါးအပြင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဗဟန်း မြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘဏ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အင်းစိန်မြို့ ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရလမ်းမတော် မြို့နယ် သရက်တောကျောင်း နှစ်ကျိပ် ရှစ်ဆူကျောင်း ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင် တိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်အရှင်သုန္ဒရ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) နိကာယ်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသဆရာတော် ကြီး ခြောက်ပါးကို ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် တင်မြှောက် ကြသည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးမြှင့် ခြင်း ခံယူတော်မူရသည့် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ဒုတိယပါမောက္ခ ချုပ်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (D.Litt)ဆရာတော်နှင့် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်ရ အသင်း နာယက သင်တန်းနည်းပြဆရာကြီး ဦးညွန့်စိန်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရ အသင်း အလုပ်အမှုဆောင် ဦးဟန်(သီတဂူ)၊သီဟသုဓမ္မမဏိဇောတ ဓရဘွဲ့တံဆိပ်ရ အသင်းအလုပ်အမှု ဆောင်ဦးစိုးသိမ်းတို့အား ဂုဏ်ပြု ထောပနာပြုကြသည်။

အခမ်းအနားတွင် အသင်းဩဝါဒါ စရိယဆရာတော်ကြီးတစ်ပါးဖြစ်သည့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂ မဟာပဏ္ဍိတဒေါက်တာဘဒ္ဒန္တဉာဏိဿ ရ(D.Litt) သီတဂူဆရာတော်ကြီး က ဩဝါဒကထာမြွက်ကြားပြီး ရေ စက်သွန်းချ အမျှပေးဝေကြပြီး လှူဖွယ် ပစ္စည်းများဖြင့် ပူဇော်ကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

အဘဿ ဓမ္မရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၉

အင်းစိန်ဖော့ကန် အဘဿ ဓမ္မရိပ် သာတွင် သင်္ကြန်အကြိုနေ့ (ဧပြီ ၁၃ရက်)မှ စတင်၍ ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ ဆရာတော်ဦးသံဃမနှင့်ဆရာတော် ဦးဉာဏိန္ဒတို့က ဟောကြားပြသမည် ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဆက်သွယ် ဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပရီမီယာလိဂ်ပွဲစဉ်(၃၂) စနေနေ့ညအနိုင်အရှုံး

ရန်ကုန် ဧပြီ ၉

ချယ်လ်ဆီး	၁ – ၁	ဘာမင်ဂမ်
မယ်ဒယ်ဘရော့	၀ – ၁	အာဆင်နယ်
ဘလက်ဘန်း	၃ – ၀	ဆောက်သမ်တန်
ဘော်လတန်	၃ – ၁	ဖူလ်ဟမ်
မန်စီးတီး	၁ – ၀	လီဗာပူး
ပို့စ်မောက်	၄ – ၂	ချာလ်တန်

(မြန်မာ့အလင်း)

ကမ္ဘာ့နံပါတ်(၁)လင်ဆေးဒါဗင်ပို့ ဗီးနပ်စ်ဝီလီယံအားအနိုင်ယူ

ဝါရှင်တန် ဧပြီ ၉

ကမ္ဘာ့နံပါတ်(၁) တင်းနစ်အကျော်အမော် လင်ဆေးဒါဗင်ပို့သည် သောကြာ နေ့က ဖလော်ရီဒါ အမီလီယာကျွန်း တင်းနစ်ပြိုင်ပွဲတွင် ဗီးနပ်စ်ဝီလီယံအား ၁-၆၊ ၆-၃၊ ၆-၄ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဒါဗင်ပို့သည် အဆိုပါတင်းနစ်ပြိုင်ပွဲ၏ ယမန်နှစ်လက်ရှိချန်ပီယံဖြစ် သည်။ သူမသည် ပထမအချီတွင် ဗီးနပ်စ်အား ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယနှင့် တတိယအချီတွင် အနိုင်ရခဲ့၍ အကြိုဗိုလ်လုပွဲတစ်နေရာကို ရယူနိုင်ခဲ့သည်။

သူမသည် ပြီးခဲ့သောသီတင်းပတ်က မီယာမီမြို့၌ ကျင်းပခဲ့သည့် တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဆီရီနာကို အနိုင်ရခဲ့ပြီးနောက် ယုံကြည်မှုများ ပိုမိုရရှိလာခဲ့သည်ဟု ၎င်းကဆိုသည်။

ဆီရီနာဝီလီယံသည် ယင်းနေ့စောစောပိုင်းက ပြင်သစ်မှ ချန်ပီယံဟောင်း မာရီပီယာစီအား ၇-၆၊ ၆-၄ ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက် သွားခဲ့သည်။

(ဆင်ဟွာ)

အောင်ပွဲရမန္တလေးတိုင်းဘောလုံးအသင်းအားဂုဏ်ပြု

ရန်ကုန် ဧပြီ ၉

၂၀၀၅ ခုနှစ် (၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ် အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သော မန္တလေးတိုင်း လူငယ်ဘောလုံးအသင်းအား မန္တလေး အသင်းက ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့် အမှတ် ၆၂၈/၆၃၂ ရှိ မန္တလေး အသင်းတိုက်၌ ကျင်းပသည်။

မိတ်ဆက်

ရှေးဦးစွာ မန္တလေးအသင်းအတွင်း ရေးမှူး ဒေါ်မြင့်မြင့်စိန်က နှုတ်ခွန်း ဆက်စကားပြောကြားသည်။ထို့နောက် မန္တလေးတိုင်းအသင်းအုပ်ချုပ်သူက နည်းပြနှင့် ဘောလုံးသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ဆက်လက်၍ မန္တလေးအသင်း အတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်လှမျိုးရီ တို့က မန္တလေးတိုင်းလူငယ်ဘောလုံး အသင်းအားလည်းကောင်း၊ တွဲဖက် အတွင်းရေးမှူး(၂) ဦးကျော်စံက ရှေ့တန်းအကောင်းဆုံးဆုနှင့်အကောင်း ဆုံးဘောလုံးသမားဆု ရရှိသော မန္တလေးတိုင်းအသင်းမှ ကျော်ရဲအောင် အားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အတွေ့အကြုံ

ထို့နောက်အောင်ပွဲရ မန္တလေးတိုင်း အသင်းကိုယ်စား အုပ်ချုပ်သူ ဦးတင် မျိုးအောင်က ပြိုင်ပွဲအတွေ့အကြုံနှင့် ကျေးဇူးတင်စကား ပြန်လည်ပြော ကြားသည်။ **(မြန်မာ့အလင်း)**

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲယှဉ်ပြိုင် အာဆင်နယ်အနိုင်ရ၊ ချယ်လ်ဆီးသရေပွဲကြုံ

ရန်ကုန် ဧပြီ ၉

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၂)ကို ယနေ့ယှဉ်ပြိုင် ကစားရာ အာဆင်နယ်အသင်းက အဝေးကွင်း၌ မစ်ဒယ်ဘရော့ကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေသော ချယ်လ်ဆီးအသင်းက အိမ်ကွင်း၌ ဘာမင်ဂမ်အသင်းကို တစ်ဂိုးစီသရေကျသွား၍ အမှတ်ပြည့်မရဘဲ ဖြစ်သွားသည်။

အာဆင်နယ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ရောဘတ် ပီရက်စ်က ပွဲချိန်၇၃မိနစ်တွင် သွင်းယူသည်။ ချယ်လ်ဆီးနှင့် ဘာမင်ဂမ်ပွဲ၌ ဘာမင်ဂမ် အသင်းအတွက် ပင်ဒီယာနီက ပွဲချိန်၆၅မိနစ်တွင် ဂိုးသွင်းယူပြီး ချယ်လ်ဆီး အသင်း အတွက် ချေပဂိုးကို ပွဲချိန်၈၂မိနစ်တွင် ဒရော့ဘာက သွင်းယူပေးသည်။

ယနေ့ပွဲစဉ်များအပြီးတွင် ချယ်လ်ဆီးအသင်းက ၃၂ပွဲကစား (၈၁)မှတ် ဖြင့်ဦးဆောင်နေပြီး အာဆင်နယ်အသင်းက ဒုတိယနေရာ၌ ၃၂ပွဲကစား အမှတ်(၇၀) ရရှိထားသည်။ **(မြန်မာ့အလင်း)**

အမီလီယာကျွန်း တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၁) လင်ဆေးဒါဗင်ပို့၏ ပြိုင်ပွဲဝင်ရိုက်ဟန်။

(ဓာတ်ပုံ-အင်တာနက်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြင်စလူမြို့ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဧပြီ ၉

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၇ရက် နံနက် ၇နာရီခွဲက ပြင်စလူမြို့ အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်နှင့် ကျေးရွာအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြင်စလူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက ပြင်စလူမြို့ ဒေသဆိုင်ရာ အချက်အလက်များ၊ မြေယာအသုံးချမှု၊စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်ဒေသတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

အလှူငွေပေးအပ်

ထို့နောက် ပြင်စလူဒေသမှ သဘာဝရေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များအတွက် အလှူရှင် ၁၁ဦးတို့က စုစုပေါင်းလှူဒါန်းငွေကျပ် ၁၇၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ကြိုတင်ကာကွယ်

ယင်းနောက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်တားဆီးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က သဘာဝ ဘေးအန္တရာယ်သင့် အိမ်ထောင်စုဝင်များသို့ ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပေးပို့ထောက်ပံ့လှူဒါန်းသည့်ဆန်၊ ဆီ၊ပဲ၊အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း၂၃မျိုးကို ဒေသခံပြည်သူများအား ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပြင်စလူတိုက်နယ်ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံအတွင်း ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများအား နှုတ်ဆက် အားပေးစကားပြောကြားသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ညနေ ၅နာရီတွင် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များမှာကြား ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ရည်ရွယ်ချက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြပြီး လပွတ္တာမြို့နေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ဝါဝါဝင်း အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီ၏ လှူဒါန်းမှုဖြင့်ဆောင်ရွက်နေသည့် မိုးရေလှောင်ကန်အသစ် တူးဖော်နေမှုကိုကြည့်ရှုစစ်ဆေးရာ အလှူရှင် မန်နေဂျင်းဒါရိုက်တာ ဦးရွှေလှိုင်က လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကိုရှင်းလင်းတင်ပြသည်။

လပွတ္တာမြို့နေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ဝါဝါဝင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီက ၁၀ဧကရှိ ကန်သုံးကန်ကို ပြုပြင်တူးဖော်၍ လည်းကောင်း၊ (၂၆ဒသမ ၅၃) ဧကရှိ ကန်အသစ်ကိုတူးဖော်၍ လည်းကောင်း၊ဆောင်ရွက်လျက်ရှိရာလုပ်ငန်းများ ပြီးစီးသွားပါက လပွတ္တာ တစ်မြို့လုံးအတွက် တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

မြောင်းမြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် မြောင်းမြမြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

သောက်သုံးရေကန်တူးဖော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း လပွတ္တာမြို့ သောက်သုံးရေကန်တူးဖော်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဧပြီ ၉

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ပူတာအိုမြို့တွင် ၁ ဒသမ ၂၆ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဧပြီ ၁၀ရက် ညနေအထိ ကချင်ပြည် နယ်၊မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာရှိပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၄၀ဖြစ်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။ (မြန်မာ့အလင်း)

သူရဲကောင်းများထွန်းကားသည် ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု **"သူရဲကောင်းများထွန်းကားသည်"** ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများအား ဂုဏ်ပြုညှော်ခံပွဲကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်ဟိုတယ် ဥတ္တရဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုလက်ဆောင်

အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ခင်အောင်မြင့်က ဂုဏ်ပြု အမှာစကားပြောကြားပြီးနောက် ဂီတပညာရှင် ဂီတလုလင်ဦးကိုကို၊ ဒါရိုက်တာပန်းချီစိုးမိုးနှင့် ဇာတ်ညွှန်း ဦးငြိမ်းမင်းတို့အား ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်သည်။ ဆက်လက်၍စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းနှင့် တပ်မတော်အရာရှိကြီးများက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသော အနုပညာရှင်များကိုယ်စား ဒါရိုက်တာ ပန်းချီစိုးမိုးက ကျေးဇူးတင် စကားပြန်လည် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



Let Your Light Shine

ပြင်ဦးလွင်မြို့ စိန့်အဲ(လ်)ဘတ် ကျောင်းသားဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲသို့ မပျက်မကွက် တက်ရောက်ရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

၂၀၀၅ ဧပြီ ၂၄ရက် (တနင်္ဂနွေနေ့)

နံနက် ၈း၀၀ နာရီ

ပုလဲခန်းမ (ပြင်ဦးလွင်မြို့)

ပွဲဖြစ်မြောက်ရေးကော်မတီ။



သူငယ်ချင်း

ဝင်းနိုင် – ဝင်းမင်းသန်း

တို့အတွက် မင်္ဂလာဦးဆုတောင်း

နှစ်များစွာရှည်ကြာ ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေ။

ညီညီ–စိုးစိုး **ရဲကြီး–မဝေ** **ခိုင်ထွန်း–အိမွန်**

ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ဝိုးကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအား လျှပ်စစ် တည်ဆောက်နေမှုကို ဧပြီ ၁ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်မင်း ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ပုသိမ်မြို့ မြေနုလမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၁၁၇သိန်း အကုန်အကျခံဆောင်ရွက်

ပုသိမ် ဧပြီ ၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ပုသိမ်မြို့ မြေနုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က အဆိုပါလမ်း မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဉာဏ်လင်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါလမ်းသည် အရှည် ၂၁၄၅ ပေ၊ အကျယ် ၁၈ပေ ရှိပြီး စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၅၅သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၆၂သိန်း စုစုပေါင်း ငွေကျပ် ၁၁၇ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကဝမြို့နယ်ခနီးကျေးရွာ၌ကွန်ကရစ်လမ်းနှင့် တံတားဖွင့်ပွဲကျင်းပ

ကဝ ဧပြီ ၅

ကဝမြို့နယ် ခနီးကျေးရွာတွင် အလှူရှင်ကလှူဒါန်းသော အရှည်ပေ ၄၀၀၀၊ အကျယ်ခြောက်ပေရှိ အုတ်စီကွန်ကရစ်လမ်းနှင့် ရွာအလယ်ရှိ တံတားဖွင့်ပွဲအခမ်းအနားကို မတ်၂၇ရက်က ရွာဦးထိပ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကဝမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်၊ အလှူရှင် ဦးမြင့်ဆွေ(မြင့်မိုရ်ဆွေ)တို့က လမ်းနှင့်တံတားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းနှင့်တံတားအား ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ဆောက်လုပ်လှူဒါန်း

အဆိုပါ လမ်းနှင့်တံတားကို ရန်ကုန်မြို့မှ အလှူရှင် ဦးမြင့်ဆွေ (တေးရေးဆရာ မြင့်မိုရ်ဆွေ)-ဒေါ်ညိုညိုနှင့် သမီးဖြစ်သူ မစိမ်းလဲ့ဆွေတို့က ငွေကျပ် ၈၅ သိန်းလှူဒါန်းပြီး ခနီးကျေးရွာ အရှေ့ဘုန်းတော်ကြီးကျောင်း အဆောက်အအုံများအတွက် ငွေကျပ် ၁၆၅သိန်းနှင့် အနောက်ဘုန်းတော်ကြီးကျောင်း အဆောက်အအုံများအတွက် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၃၅၀ အကုန်အကျခံ ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၂၄၀)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဖေဖော်ဝါရီ ၁၅ရက်က မြင်းခြံမြို့ အမှတ် (၁၅) ရပ်ကွက် အားကစားကွင်း အနောက်ဘက်လမ်းအား အရှည်ပေ ၈၅၀၊ အကျယ် ၁၂ပေကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ပဲကြိုးဖြတ်ဖွင့်လှစ်

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ချိုချို ဦးစီးဆောင်ရွက်သော အရှည်ပေ ၈၁၀၊ အကျယ် ၁၂ ပေရှိ ကျပ် ၁၀ သိန်းစီ ကုန်ကျသော ကျောက်ချောခင်း လဝကလမ်း၊ အနောက်ဈေးလမ်းနှင့် ဈေးပတ်လမ်း သုံးလမ်းတို့ကို မတ် ၁၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစောသန်းဆွေနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ညောင်လေးပင်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြား

ညောင်လေးပင် မတ် ၂၀

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ချောင်းကျိုးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာ၌ နေနှင့်လ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရဲဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျေးရွာစည်းရုံးရေးမှူး ဦးစရှိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးရဲဝင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် စာအုပ်များထိန်းသိမ်းမှုတို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော သုတ၊ ရသစာအုပ်၅၀နှင့် ဂျာနယ်စာအုပ် ၂၀၊အလှူရှင်များ လှူဒါန်းသော စာအုပ်မျိုးစုံ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆားလင်းကြီးမြို့နယ်၌ ကျေးလက်စက်ရေတွင်းဖွင့်

ဆားလင်းကြီး ဧပြီ ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆားလင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဆောင်ရွက်သော မယ်ဇလီကန်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ကျေးရွာရေရရှိရေး ကော်မတီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးလက်စက်ရေတွင်းမှာ နှစ်လက်မ စက်ရေတွင်းဖြစ်ပြီး ရေထွက်နှုန်းမှာ တစ်နာရီ ရေဂါလန်၆၀၀ထွက်ကာ ငွေကျပ် ၅ဒသမ၉သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး မလှိုင်မြို့နယ်၌ ကျေးလက်ရေရရှိရေးစက်ရေတွင်းဖွင့်

မလှိုင် ဧပြီ ၃

မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ကျေးလက်ဒေသ ရေရရှိရေးအတွက် အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ်၃ရက်နံနက်က မလှိုင်မြို့နယ် ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု ထန်းတောကြီးကျေးရွာ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ဒုတိယရဲမှူးမောင်မြင့်က အမှာစကား ပြောကြားပြီး အလှူရှင် ဦးခင်ဇော်လင်းက စက်ရေတွင်း တူးဖော်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် စက်ရေတွင်းကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးမောင်မြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးရွှေနန်းနှင့် အလှူရှင်ဦးခင်ဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

တူးဖော်လှူဒါန်း

အဆိုပါ စက်ရေတွင်းကို ကျောက်ပန်းတောင်းမြို့နေ ဦးခင်ဇော်လင်း-ဒေါ်ခင်ခင်သီ(ဝင်းထိုက်ဆီစက်)မိသားစုက ငွေကျပ်ငါးသိန်း အကုန်အကျခံ တူးဖော်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၁၉)**

ဘိုကလေးမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

ဘိုကလေး ဧပြီ ၄

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားကို မတ် ၂၄ ရက်က ဘိုကလေးမြို့နယ် သစ်ဖြူချောင်းကျေးရွာအုပ်စု ကံစုကျေးရွာ ကွင်းအမှတ်(၆၉၇) ဦးပိုင်အမှတ် ၃၅/၂ လယ်သမားဦးစိန်လှိုင်၏ လယ်မြေ သုံးကေ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ မြို့နယ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးမောင်မောင်အေး၊ မြို့နယ် စိုက်ပျိုးတိုးမြှင့် ကော်မတီဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် တောင်သူ လယ်သမားများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။**(အပေါ်ပုံ)**

ထို့နောက် ရွှေမြန်မာစပါးစိုက်ခင်း သုံးကေ၌ နွေစပါးစံကွက် ရိတ်သိမ်းရာ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခင်းကေ အစို ၁၂၅ ဒသမ ၁၀တင်း၊ အခြောက် အထွက် တင်း ၁၁၅ ဒသမ ၀၄တင်း ထွက်ရှိပြီး ဘောင်ဖော်ကြဲခင်း စိုက်ကေ အစို ၁၄၄ ဒသမ ၃၀တင်းနှင့် အခြောက် ၁၃၂ ဒသမ ၆၉ တင်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နမ့်ခမ်းမြို့ စိန်ပန်းကတ္တရာလမ်းသစ်ဖွင့်

နမ့်ခမ်း ဧပြီ ၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော နမ့်ခမ်းမြို့ စိန်ပန်း(မြို့ပြ) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါ လမ်းမုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးက လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စိန်ပန်းလမ်းမှာ အရှည်ပေ၁၀၀၀ကို ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ငွေကျပ် ၁၂ဒသမ ၄သိန်းဖြင့် အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကျောက်ချောလမ်းမှ ကတ္တရာလမ်း အဖြစ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၀ဒသမ ၈၅သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

တောင်သာမြို့ အနောက်ဈေးပတ်လမ်းခင်း ငွေကျပ် ၁၀သိန်းဖြင့် အကုန်အကျခံဆောင်ရွက်

တောင်သာ ဧပြီ ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်သာမြို့ အနောက်ဈေး ဈေးပတ်လမ်း ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက်၈နာရီက ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစောသန့်ဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးတို့က ဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ ဈေးပတ်ကျောက်ချောလမ်းမှာ အရှည်ပေ ၈၁၀၊ အကျယ် ၁၂ပေရှိပြီး တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၂၁၂)**

မြန်မာ့ယဉ်ကျေးမှုသကြင်္ကန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြင်္ကန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ကြည့်ရှုစစ်ဆေး

မကွေးမြို့နယ် မြင်ကွန်းကျေးရွာကျောက်ချောလမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို မတ် ၇ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း၊ အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်မြင့်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြင်္ကန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမှုပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသကြင်္ကန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများ အားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ – ထောင်တစ်နှစ်

၂။ ကစားသူ – ထောင်သုံးနှစ်

၃။ ထုတ်လုပ်ရောင်းချသူ – ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး
တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ် ကျောက်ဆည်တွင် တည်ဆောက်မည့် သံရည်ကျိုစက်ရုံ အဆောက်အအုံတစ်လုံးနှင့် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (BQ) နှင့်တကွ ပူးတွဲတင်ပြရမည်၊ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်မှ အကူအညီ ရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၂၃)၊နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၅၄၂၈၇၃၊ ၅၄၃၃၃၆။

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အထူးလျှော့ဈေးဖြင့် ရောင်းမည်

ရွှေဂုံတိုင်အနီး ခြောက်လမ်းသွား ရွှေဂုံတိုင်လမ်းမကြီးပေါ် အမှတ် (၂၄၇/၂၆၉) Delta Plaza (၁၁)ထပ် အဆောက်အအုံအတွင်းရှိ ၁၆၂၀ စတုရန်းပေ ကျယ်ဝန်းသော တိုက်ခန်းများရောင်းရန် ရှိသည်။

Master bed room (၂)ခန်း၊ ရိုးရိုးအိပ်ခန်း (၁)၊ ဧည့်ခန်း၊ မီးဖိုခန်း၊ အိမ်သာ၊ ရေမီးအပြည့်အစုံနှင့် ဓာတ်လှေကားသုံးစင်း ပါရှိသည်။

ကားရပ်နားရန် နေရာကျယ်ဝန်းသည်။

ဆက်သွယ်ရန်

ဖုန်း-၂၅၀၀၈၂၊ ၂၅၃၂၈၉၊ ၃၇၈၅၉၈၊ ၂၈၂၆၉၀။

ခရုသင်းခြောက်မျိုးအထူးကု သမားတော်ကြီးဦးကျော်ဟိုး

ဆရာကြီးဦးကျော်ဟိုးသည် သထုံမြို့ ဘင်လိုင်ရပ်မှ ရန်ကုန်သို့ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဝေဒနာရှင်များသိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမန္ဒယ်သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်။ ဖုန်း-၇၂၂၇၀၁
နေရောင်လင်းဆေးတိုက် အမှတ်-၂၄/၂၊ စင်ရော်လမ်း၊ ၁၄/၂ ရပ်ကွက်၊ မိုးစွေမှတ်တိုင်၊ မြင်သာအိမ်ရာ(၂)၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အမြန်ရောင်းမည်

"သတင်းကောင်း" လက်ရှိ အသုံးပြုလျက်ရှိသော ရေခဲချောင်း၊ ရေခဲမုန့်စက် ဖြန့်ဖြူးလျက် ရှိသော ဈေးကွက်များအမြန်လွှဲပြောင်းပေးမည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၆၃၅၁၅၂။

တော်ဝင်ရတနာ (ငွေဆောင်ကမ်းခြေ)

အဖွဲ့လိုက်ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးပါသည်။

မင်္ဂလာနှစ်ကူး အတာတန်ခူး ရည်ညွန်းစရာ တော်ဝင်ရတနာ စား၊ တည်း၊ ခရီး အပြည့်အပြီး မငြီးငြူအောင် ဝန်ဆောင်မှာ ဈေးနှုန်းချိုသာ တော်ဝင်ရတနာ

(၄)ညအိပ် (၅)ရက် ဧပြီ(၁၃)ရက်မှ ဧပြီ(၁၇)ရက် ရန်ကုန်အရောက်။

လက်မှတ်အရောင်းဌာန - အမှတ်(၂၃)၊ ၁၄၉လမ်း၊ ပျားရည်ကုန်း၊ တာမွေ။ Ph:200875

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်လှမေ နိုင်ငံသားအမှတ် ၁၂/ဗတထ(နိုင်)၀၃၉၈၅၈ နှင့် ဦးဗစ်တာခင်မောင်ကြီး နိုင်ငံသားအမှတ် ၁၂/ဗတထ (နိုင်)၀၃၉၈၅၇ တို့၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

ဒေါ်ခင်လှမေ-ဦးဗစ်တာခင်မောင်ကြီးနှင့် ဒေါ်တင်တင်အေးတို့ မောင်နှမသုံးဦးသည် ညီမအရင်းဖြစ်သူ ဒေါ်ခင်လှမြင့် နိုင်ငံသားအမှတ် ၁၂/ဗတထ(နိုင်) ၀၁၉၁၉၆အား (၁၆-၁၂-၁၉၉၈)ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ကြပါသည်။ ဒေါ်ခင်လှမြင့်အား အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်သူ ဒေါ်ခင်လှမေ၊ ဦးဗစ်တာခင်မောင်ကြီးနှင့် ဒေါ်တင်တင်အေးတို့ မောင်နှမသုံးဦး အနက် ဒေါ်တင်တင်အေးသည် (၁၂-၁-၂၀၀၁)ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဒေါ်ခင်လှမြင့်အား လွှဲအပ်ထားခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာသည်လည်း ပျက်ပြယ်သွားခဲ့ပြီးဖြစ်ပါသည်။ ယင်းနောက်ပိုင်းတွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်လှမေနှင့် ဦးဗစ်တာခင်မောင်ကြီးတို့ မောင်နှမနှစ်ဦးသည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ဇော်(ဟသ်ာတ) LL.B., D.B.L
တရားရုံးချုပ်ရှေ့နေ
အခန်း ၂၆၊ တိုက်အမှတ် ၅၅၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် အမှတ် ၁ယ/၂၃၄၃၃ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ (ခရိုင်ရုံး)ဟသ်ာတသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊(ခရိုင်ရုံး)ဟသ်ာတ။**

ကန့်ကွက်နိုင်ပါသည်

အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသည့် ယာဉ်အမှတ် ည/၄၃၆ ၏ ယာဉ်လက်ဝယ်ရှိသူဒေါ်ဆွေဆွေမော် ၈/မကန(နိုင်) ၁၄၀၄၄၂ အမှတ်(၄၀၉)၊ ၁၈ လမ်း၊ ရန်မျိုးအောင်ရပ် မကွေးမြို့မှ မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ယာဉ်ပိုင်ဆိုင်မှုအတွက် ကန့်ကွက် လိုသူများရှိပါက ရက်ပေါင်း၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကညန၊တိုင်းရုံး(မကွေး) သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊တိုင်းရုံး(မကွေး)။

တီဘီရောဂါတိုက်ဖျက်ရေးနေ့ ကွန်ဟိန်း၌ကျင်းပ

ကွန်ဟိန်း ဧပြီ ၂

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၄ ရက် ညနေ ၃ နာရီက ကွန်ဟိန်းမြို့ နမ့်ပန် ခန်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင်မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာလှမောင်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွင် စွမ်းစွမ်းတမံ ဆောင်ရွက်သူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုကို သူနာပြုအဆင့်(၁)ဒေါ်နန်းကြာရွှေ၊ ဒုတိယဆုကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်ခင်သန်းနှင့် တတိယဆုကို ကျန်းမာရေး ကြီးကြပ်(၂)အဆင့် နန်းနွမ်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ်ပြန်/ဆက်)

ရခိုင်သက်ကြီးပူဇော်ပွဲ စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ် တံမြက်စည်းလှည်း အသင်းမှ (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်(နှစ်ဆန်း တစ်ရက်နေ့) မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်မွှာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဧပြီ ၁ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)၇၁ရပ်ကွက် အမက (၁၂)၌ ၂၀၀၄-၂၀၀၅ခု သင်ယူပြီးမြောက်ခြင်း အောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲတွင် စတုတ္ထတန်းမှ မောင်အောင်မင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ခိုင်က ပေးအပ်စဉ်။ (က-ပ)

ရဲတပ်သားသစ် သင်တန်းဆင်းပွဲ ကျင်းပ

ရမည်းသင်း ဧပြီ ၅

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၁၄၃) သင်တန်းဆင်းပွဲကို ဧပြီ ၁ရက်က ရမည်းသင်းမြို့ အမှတ် (၁) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင် တက်ရောက်အမှာစကား ပြောကြားသည်။ သင်တန်းဆင်းပွဲသို့ ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး မျိုးသန်းနှင့် ဦးစီးအရာရှိများ၊ နည်းပြများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ၊ ရမည်းသင်းရှိ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ တက်ရောက်အားပေးကြသည်။

စံပြကျောင်းသားဆုကို ကသ-၅၄ စိုးလှိုင်ထွန်း၊ ဥပဒေထူးချွန်ဆုကို ကသ-၁၀၉ သီဝအောင်၊ ရဲကျင့်ဝတ်ထူးချွန်ဆုကို ကသ-၅၄ စိုးလှိုင်ထွန်း၊ စစ်ပညာထူးချွန်ဆုကို ကသ-၈၃ သန်းထိုက်ဇော်၊ သေနတ်ပစ် အကောင်းဆုံးဆုကို ကသ-၁၅၃ မင်းဇော်ဟိန်းတို့က ရရှိခဲ့ကြပြီး ဆုများကို စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်က ချီးမြှင့်ပေးအပ်သည်။ **(ပြည်ထဲရေး)**

ရေးမြို့နယ် လမိုင်းမြို့ တောင်ဘုံကျေးရွာ ကိုယ့်အား ကိုယ် ကိုး စာ ကြည့် တိုက် ဖွင့်ပွဲကို မတ် ၂၃ ရက်က တောင်ဘုံကျေးရွာ အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး တွင် ကျင်း ပ ရာ စာ ကြည့် တိုက် ကို မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ပြည်နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကတ္တရာလမ်းအဆင့်မြှင့်

မြစ်ကြီးနား ဧပြီ ၃

မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် ဝန်ပေါင်မြေသားလမ်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စက်ယန္တရားများဖြင့် ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်မှုကို မတ် ၂၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့က အဆိုပါလမ်း စံချိန်စံညွှန်းမီရေးအတွက် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိခင်ကြီး ဒေါ်အေးတင်အား အမှူးထား၍ အမှတ် ၂၄၇/ခ သံသုမာလမ်း သွပ်ဝိုင်းကြီးရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ် နေ သမီး မမြင့်နွယ်၊ မလှလှရီ မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

တူးဖော်ဆောင်ရွက်

ဟသ်ာတ မြို့နယ် တလုတ္တော်ကျေးရွာ ဈေးပိုင်း နေ ပြည် သူများ သန့်ရှင်း သော သောက်သုံးရေ ရရှိရေး အတွက် မတ် ၁၅ ရက်က မြို့နယ် စည် ပင် သာ ယာ ရေး အ ဖွဲ့ အငယ်တန်း အင် ဂျင် နီ ယာ(၃)ဦးလှနိုင်နှင့် တွင်းတူးအဖွဲ့များ တွင်းတူးစက်ဖြင့် တူးဖော်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နှစ်နိုင်ငံအကြား အစဉ်အလာကောင်းသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံမှုရှိ ဝန်ကြီးချုပ်နှစ်ဦး၏ အောင်မြင်သောဆွေးနွေးပွဲကြောင့် နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်

ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံနှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ သမ္မတရုံးဝန်ကြီး မစ္စတာဘူဗန်ဆရီသီရတ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိမ်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

ဧပြီ ၆ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ-လာအိုနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေဝတီ-ကျောက်ဖယား မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အောင်မြင်စွာဖော်ဆောင်လျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း

မြန်မာ-လာအိုနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နေ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံအတွင်း အကူအညီပေးခဲ့ခြင်းကိုကျေးဇူးတင်ရှိ

လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သောမြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်လိုက်ပါလျက် ဧပြီ၆ရက် မွန်းလွဲ၂နာရီ၁၅မိနစ်တွင် ဓေတ္တတည်းခိုသည့်ဟိုတယ်မှ အထူးယာဉ်တန်းဖြင့် ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)